ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

တတိယနေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၆.၅၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၃၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**စောယုဒားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ ၃၀-၇-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း

မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ စိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ရေဘေးကယ်ဆယ်ရေးဆောင်ရွက်ရန်။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ရေဘေးကယ်ဆယ်ရေးဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များ ဆွေးနွေးပွဲအခမ်းအနားတက်ရောက်ရန်။ ဦးဒွေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ (၉၁)နှစ်မြောက် တရုတ်ပြည်သူ့တပ်မတော်တည်ထောင်သောနေ့ အခမ်းအနားတက်ရောက်ရန်။ ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ အာရှကလပ် အမျိုးသားဘော်လီဘောပြိုင်ပွဲအခမ်းအနား တက်ရောက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါ်လွီးဇာ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးဌေ့တင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဒေါက်တာလင်းဝေဖြိုးလတ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ မန်းထွန်းကြိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိုး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးဇဝန၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးမျိုးမင်းအောင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ကျန်းမာရေး။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များဆွေးနွေးပွဲအခမ်းအနား တက်ရောက်ရန်နှင့် ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၃)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၇)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၀)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်

ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြား တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦး၊ ယနေ့ ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ(၂၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ် ကျေးရွာများဖြစ်သည့် ဆန်းသစ်ပြင်ကျေးရွာ၊ သင်္ဘောကွေးကျေးရွာ၊ သုံးခွ(ခ)ကွင်းကြီး(ရခိုင်)ကျေးရွာများကို ပြည်ထဲရေးဝန်ကြီးဌာန၏ ကျေးရွာအမည်စာရင်းတွင် ထည့်သွင်းပေးနိုင်ရေးနှင့် လက်ရှိကျေးရွာများ၏ မြေများအား ရွာမြေအဖြစ် သတ်မှတ်ပေးရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။**　　။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ် ကျေးရွာများဖြစ်သည့် ဆန်းသစ်ပြင်ကျေးရွာ၊ သင်္ဘောကွေးကျေးရွာ၊ သုံးခွ(ခ)ကွင်းကြီး(ရခိုင်)ကျေးရွာများကို ပြည်ထဲရေးဝန်ကြီးဌာန၏ ကျေးရွာအမည်စာရင်းတွင် ထည့်သွင်းပေးနိုင်ရေးနှင့် လက်ရှိကျေးရွာများ၏ မြေများအား ရွာမြေအဖြစ် သတ်မှတ်ပေးရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။**　　။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပတ်သက်တဲ့ မေးခွန်းတစ်ခုကို ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ် ကျောက်တော်မြို့နယ်ဟာ ရခိုင်ပြည်နယ်ရဲ့ မြောက်ဘက်အစွန်ဆုံးတွင်တည်ရှိတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ မြို့နယ်ရဲ့ အကျယ်အဝန်းမှာ ဧရိယာစတုရန်းမိုင်ပေါင်း(၆၇၅.၅၅)စတုရန်းမိုင် ကျယ်ဝန်းကာ အရှေ့နှင့် အနောက်(၁၉)မိုင်နှင့် တောင်နှင့်မြောက်(၃၅)မိုင်ရှိတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ကျောက်တော်မြို့နယ်ကို ၁၉၁၀ ပြည့်နှစ်ကပင် စတင်တည်ထောင်ခဲ့တဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ မြို့ပေါ်(၅)ရပ်ကွက်၊ ကျေးရွာအုပ်စု(၇၉)အုပ်စုနှင့် ကျေးရွာပေါင်း(၂၈၃)ရွာရှိတဲ့ မြို့နယ်ဖြစ်ပါတယ်။

ယခုလက်ရှိ ကျွန်တော် မေးမြန်းမယ့် ကျေးရွာများမှာ လက်ရှိ ပြည်ထဲရေးဝန်ကြီးဌာန၏ ကျေးရွာအမည်စာရင်းတွင် ပါဝင်ခြင်းမရှိသေးတာကို တွေ့ရပါတယ်။ ဆန်းသစ်ပြင်ကျေးရွာမှာ မြို့နယ်၏ အနောက်ဘက်ခြမ်းတွင်တည်ရှိတဲ့ ကျောက်တော်မှ ကျောက်ဆည်၊ လှည်းကန်နှင့် ငါးယောက်ကိုင်းကျေးရွာမှတစ်ဆင့် ဆန်းသစ်ပြင်ကျေးရွာအထိ ဖောက်လုပ်ထားတဲ့ လမ်းပေါ်တွင် တည်ရှိပါတယ်။ ဆန်းသစ်ပြင်ကျေးရွာမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း(၁၀)နှစ်ကျော်ကတည်းက အတည်တကျ နေထိုင်လာခဲ့ကြပြီး ယခုအချိန်တွင် အိမ်ခြေ(၅၀)ခန့်ရှိပြီး လူဦးရေ (၃၀၄)ဦးနေထိုင်သော ကျေးရွာဖြစ်ပါတယ်။ လက်ရှိ

အုပ်ချုပ်မှုကို ၈/တပေါင်းကျေးရွာအုပ်စုတွင်ပါရှိပြီး တွဲဖက်မူလတန်းကျောင်းရရှိပြီး ကိုယ်ထူကိုယ်ထ ဆောက်လုပ်ပြီး ပညာသင်ကြားနေတဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ လက်ရှိနေထိုင်သည့် ကျေးရွာမြေ မှာလည်း ရွာမြေအဖြစ် မပြောင်းရသေးကြောင်း သိရပါတယ်။

သဘော်ာကွေးကျေးရွာမှာ ကျောက်တော်မြို့ပေါ်နှင့် (၂)မိုင်ခန့်အကွာတွင်တည်ရှိပြီး မြို့၏ အနောက်ဘက်တွင်တည်ရှိတဲ့ ကျေးရွာ(၁)ရွာ ဖြစ်ပါတယ်။ ၁၉၇၅ ခုနှစ်လောက်ကတည်းက ရွာတည်ကာ အတည်တကျ နေထိုင်လာခဲ့ကြပြီး လက်ရှိအိမ်ခြေမှာ (၃၄)အိမ်၊ လူဦးရေအားဖြင့် (၁၉၈)ဦး နေထိုင် ကြပါတယ်။ ဒိုင်းနက်တိုင်းရင်းသားလူမျိုးများ နေထိုင်ကြပါတယ်။ အုပ်ချုပ်မှုအပိုင်းကို မြို့ပေါ်ရပ်ကွက် ဖြစ်သည့် မြို့သစ်ရပ်ကွက်မှ အုပ်ချုပ်မှုတာဝန်ယူထားသည်ဟု သိရပါတယ်။ မူလတန်းကျောင်း(ခွဲ) ကိုလည်း ဖွင့်လှစ်ခွင့်ရရှိပြီးဖြစ်ပါတယ်။ ယခု ပြည်ထဲရေးအမည်စာရင်းတွင် ပါဝင်ခြင်းမရှိသေးကြောင်း သိရပါတယ်။

နောက်ထပ်ကျေးရွာတစ်ရွာဖြစ်တဲ့ သုံးခွ(ခ)ကွင်းကြီး(ရခိုင်)ကျေးရွာမှာ ကျောက်တော်မြို့၏ အနောက်မြောက်ပိုင်း ပီချောင်း၏ ချောင်းလက်တက်မှတစ်ဆင့် သွားရတဲ့ ပြိုင်ချောင်းဆည်အနီးတွင် တည်ရှိတဲ့ကျေးရွာဖြစ်ပါတယ်။ ကွင်းကြီး(ရခိုင်)ကျေးရွာမှာ ၁၉၇၄ - ၁၉၇၅ ခုနှစ် လောက်ခန့်တွင် ကျေးရွာမှာ ပျက်စီးခဲ့ကြောင်း သိရပါတယ်။ ၂၀၀၁ - ၂၀၀၂ ခုနှစ်လောက်တွင် ယခုနေထိုင်တဲ့ ကွင်းကြီး (ရခိုင်)နာမည်ဖြင့် ပြန်လည်ရွာတည်ပြီး အတည်တကျနေထိုင်ခဲ့ကြပါတယ်။ ယခုအချိန်တွင် (၁၀)နှစ် ကျော်လောက် ရှိနေပြီဖြစ်ပါတယ်။ အိမ်ခြေ(၅၅)ဆောင်နှင့် လူဦးရေ(၁၇၈)ဦး နေထိုင်ပြီး မူလတန်း ကျောင်း(ခွဲ)လည်း ရရှိပြီးဖြစ်ပါတယ်။ ကျောင်းကို ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့ကြပြီး ပညာရေးဝန်ကြီး ဌာနမှ ဆရာ(၁)ဦး ချပေးကာ ပညာသင်ကြားနိုင်ခဲ့ကြပါတယ်။

အုပ်ချုပ်မှုကို ယခင်ကတည်းက ထောက်လေမင်တန်အုပ်စုအောက်တွင် ပါရှိသော်လည်း အုပ်ချုပ်မှုပိုင်းမှာ အုပ်ချုပ်ရေးမှူးများမှ လျစ်လျူရှုခြင်းကို ခံခဲ့ရပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စုစာရင်းများ ပြုလုပ်ရန် လက်မှတ်ထိုးမပေးခြင်း၊ အ.မ.က(ခွဲ)မှ မူလတန်းအဆင့် ထောက်ခံ ပေးရမည့်နေရာတွင်လည်း လက်မှတ်ထိုးပေးမှုမရှိခြင်းများကို ကျေးရွာသားများ တင်ပြချက်အရ သိရပါ တယ်။ ထောက်လေမင်တန်ကျေးရွာမှာလည်း ကွင်းကြီး(ရခိုင်)ကျေးရွာနှင့် ဝေးကွာလွန်းပြီး အုပ်ချုပ်မှုပိုင်း အားနည်းမှုရှိပါတယ်။ ဤကွင်းကြီး(ရခိုင်)ကျေးရွာမှာ ယခင်ကတည်းက ပြည်ထဲရေး အမည်စာရင်းတွင် ပါဝင်မှုရှိခဲ့သော်လည်း ယခုအချိန်တွင် အုပ်ချုပ်မှုပိုင်း အဆင်မပြေမှုကို ဖြေရှင်းပေးရန် လိုအပ်တဲ့ ကျေးရွာဖြစ်ပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ပုဒ်မ ၃၄၇ နှင့်အညီ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေး ရရှိစေရမည်။ ထို့အပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့် ပေးရမည်ဆိုသည်နှင့်အညီ ယခုလက်ရှိ ကျေးရွာ များတွင်နေထိုင်ကြသည့် လူဦးရေ(၈၀၀)ကျော်နှင့် ကျေးရွာ(၃)ရွာကိုလည်း မိမိတို့နိုင်ငံသား ဖြစ်သည် နှင့်အညီ နိုင်ငံသားအခွင့်အရေးပေးသွင်းရေးကို မျှော်ကိုးပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါ မေးခွန်းကို မေးမြန်းအပ်ပါတယ် -

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်မှ ကျေးရွာများဖြစ်သည့် ဆန်းသစ်ပြင်ကျေးရွာ၊ သဘော်ကွေးကျေးရွာ၊ သုံးခွ(ခ)ကွင်းကြီး(ရခိုင်)ကျေးရွာများကို ပြည်ထဲရေးဝန်ကြီးဌာန၏ အမည်စာရင်း ထည့်သွင်းပေးရေးနှင့် လက်ရှိကျေးရွာမြေများအား ရွာမြေအဖြစ် သတ်မှတ်ပေးရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သရက်တောကျေးရွာအုပ်စု၊ ရဲကင်းမှ ရဲတပ်ဖွဲ့ဝင်များ၏ အိမ်ရာများကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်က မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သရက်တောကျေးရွာအုပ်စု၊ ရဲကင်းမှ ရဲတပ်ဖွဲ့ဝင်များ၏ အိမ်ရာများကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သရက်တောကျေးရွာအုပ်စု၊ ရဲကင်းမှ ရဲတပ်ဖွဲ့ဝင်များ၏ အိမ်ရာများကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။ မေးမြန်းလိုတဲ့ အကျိုးအကြောင်း ဖော်ပြချက်ကတော့ ၂၇ - ၄ - ၂၀၁၈ ရက်နေ့မှာ ကျွန်တော်နဲ့အတူ ကျေးလက်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပါတီမှတာဝန်ရှိသူများနှင့်အတူ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ နွယ်တမယ် - သရက်တော၊ သရက်တော - ပြောင်းခင်းလမ်း ဖောက်လုပ်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရပ်ရွာလူထုမှ ပူးပေါင်းဆောင်ရွက်ရေးကို ဒေသခံများနှင့် တွေ့ဆုံညှိနှိုင်းခဲ့ပါတယ်။

ယင်းသို့ တွေ့ဆုံညှိနှိုင်းတဲ့နေရာမှာ သရက်တောရဲကင်း၌ ခေတ္တနားခိုခဲ့ရာ ရဲဝန်ထမ်းများရဲ့ အိမ်ရာများမှာ ယခုမေးခွန်းနှင့်အတူ ပူးတွဲပေးပို့တဲ့ ဓာတ်ပုံများမှာ ဖော်ပြထားတဲ့အတိုင်း မိုးမလုံ၊ လေမလုံ၊ ကြယ်မြင်၊ လမြင် အနေအထားမှာ တည်ရှိနေတာကြောင့် စိတ်မကောင်းစွာနှင့် တွေ့ရှိရပါတယ်။ တကယ်တော့ ဒီမေးခွန်းဟာ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အစပိုင်းမှာ မေးခဲ့တဲ့မေးခွန်းဖြစ်ပြီး ယခု နဝမအကြိမ်မှ မေးမြန်းရတာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သရက်တောကျေးရွာအုပ်စု၊ ရဲကင်းမှ တပ်ဖွဲ့ဝင်များရဲ့ အိမ်ရာများကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ဓာတ်ပုံမှတ်တမ်းများနှင့် ပူးတွဲပေးပို့လျက် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းနယ်မြေ ရဲစခန်းနှင့် ရွာသစ်ကြီးနယ်မြေ ရဲစခန်းများ အတွက် လိုအပ်လျက်ရှိသည့် ရုံး၊ လူနေအဆောက်အဦနှင့် ရဲအချုပ်ခန်းများ အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း က စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းနယ်မြေ ရဲစခန်းနှင့် ရွာသစ်ကြီးနယ်မြေ ရဲစခန်း များအတွက် လိုအပ်လျက်ရှိသည့် ရုံး၊ လူနေအဆောက်အဦနှင့် ရဲအချုပ်ခန်းများ အသစ်ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်း တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းနယ်မြေ ရဲစခန်းနှင့် ရွာသစ်ကြီးနယ်မြေ ရဲစခန်းများအတွက် လိုအပ်လျက်ရှိသည့် ရုံး၊ လူနေအဆောက်အဦနှင့် ရဲအချုပ်ခန်းများအား အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

မေးမြန်းရတဲ့အကြောင်းအရင်းကတော့ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ စစ်ကိုင်းတိုင်း ဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းရဲကင်းစခန်းနှင့် ရွာသစ်ကြီး ရဲကင်းစခန်းတို့ကို နယ်မြေရဲစခန်းများအဖြစ် ၁၀ - ၇ -၂၀၁၇ ရက်စွဲပါ စာအမှတ် ၁၀၀၁ (၈၄)/၅၀၁/ဦး၅ ဖြင့် အဆင့် တိုးမြှင့်သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ သို့ပါ၍ မင်းကွန်းနယ်မြေရဲစခန်းနှင့် ရွာသစ်ကြီးနယ်မြေ ရဲစခန်း တို့တွင် ရုံး၊ လူနေအဆောက်အဦများ လိုအပ်လျက်ရှိပါတယ်။ ထို့အတူ အချုပ်ခန်းများလည်း အသစ် ဆောက်လုပ်ရန်လိုအပ်လျက်ရှိပါတယ်။ ယခင် အချုပ်ခန်းအဟောင်းများဟာ အလျား(၁၄)ပေ (၆)လက်မ၊ အနံ(၁၁)ပေ (၆)လက်မ၊ အမြင့်(၉)ပေသာရှိပြီးတော့ နှစ်ကာလကြာရှည်ပြီဖြစ်သဖြင့် အသစ်ပြန်လည် ဆောက်လုပ်ရန် လိုအပ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အလျား(၅၀)ပေ၊ အနံ(၄၀)ပေရှိ ရဲစခန်းရုံးပါ အချုပ်ခန်း(၁)ထပ် အသစ် ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ထို့အတူ ရုံး၊ လူနေအဆောက်အဦ (၆)ခန်းတွဲ (၂)ထပ် (၂)လုံး (၁၄၀ x ၄၀)ပေ ဆောက်လုပ်ပေးရန်လည်း လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ရုံး၊ လူနေ အဆောက်အဦနှင့် ရဲအချုပ်ခန်းများ အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သက်ဆိုင်ရာဝန်ကြီး ဌာနအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင် ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ပေါ်ရှိ ဂေါက်ကလပ်ကွင်း၌ အရက်၊ ဘီယာဆိုင် ဆောက်လုပ်ရောင်းချခွင့် ရှိ/မရှိနှင့် တာဝန်ရှိ ခွင့်ပြုသူများကို အရေးယူပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း က ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ပေါ်ရှိ ဂေါက်ကလပ်ကွင်း၌ အရက်၊ ဘီယာဆိုင် ဆောက်လုပ် ရောင်းချခွင့် ရှိ/မရှိနှင့် တာဝန်ရှိ ခွင့်ပြုသူများကို အရေးယူပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ဖြစ်ပါတယ်။ ယနေ့ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ပေါ်ရှိ အများပြည်သူနှင့် ဆိုင်သော ဂေါက်ကလပ်ကွင်း၌ အရက်၊ ဘီယာဆိုင် ဆောက်လုပ်ရောင်းချခွင့် ရှိ/မရှိနှင့် ဆောက်လုပ်ခွင့်ပြုသူများကို အရေးယူဖို့ အစီအစဉ် ရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဉ်းပြီး မေးမြန်းသွားဖို့ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါ ဂေါက်ကလပ်ကွင်းဟာ ကျောက်ဖြူ-ရန်ကုန် ကားလမ်းမကြီးဘေးတွင် တည်ရှိပြီးတော့ အများပြည်သူ နေ့စဉ်နှင့်အမျှ ကျန်းမာရေးလေ့ကျင့်ခန်းများ၊ အားကစားပြုလုပ်ခြင်းများကို ပြုလုပ်နေသော ကစားကွင်းတစ်ခု ဖြစ်ပါတယ်။ ဒီဂေါက်ကလပ်ကွင်း ထဲ၌ အရက်၊ ဘီယာဆိုင်ဖွင့်ပြီး နေ့ရောညပါ ရောင်းချနေတဲ့အတွက် ပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်ပေါ်လျက်ရှိနေကြပါတယ်။ ဒီလိုရောင်းချနေတဲ့အတွက်၊ မည်သူမဆို အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်တဲ့အတွက် ရောင်းချသူနှင့် ဝယ်ယူသူ၊ သုံးစွဲသူတို့ အဆင်ပြေကြသော်လည်း နောင်အနာဂတ်အတွက် လူငယ်၊ လူရွယ်များကို လေ့ကျင့်ပျိုးထောင်ပေးတဲ့ အားကစားကွင်းကြီးဟာ အကျင့်စာရိတ္တပျက်ပြားအောင် ဖန်တီးပေးနေသော ကစားကွင်းသဖွယ် ဖြစ်နေပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဂေါက်ကလပ်ကွင်းအတွက် မြေသိမ်းဆည်းခံထားကြရတဲ့ တောင်သူများဟာဆိုရင်လည်း လျော်ကြေးငွေ မရရှိသေးသဖြင့် ယခုလို ဂေါက်ကွင်းထဲ၌ အရက်၊ ဘီယာဆိုင်ဖွင့်ပြီး ရောင်းချနေခြင်းအပေါ် အမြင်မကြည်လင်မှုများ ဖြစ်ပေါ်လျက်ရှိနေပါတယ်။ ဂေါက်ကလပ်ကွင်းကို ကောင်းမွန်သန့်ရှင်းလှပဖို့နှင့် ထိန်းသိမ်းရန် အကြောင်းပြပြီး အရက်၊ ဘီယာဆိုင် ဖွင့်ရတယ်ဆိုတာဟာလည်း မဖြစ်သင့်တဲ့ အကြောင်းအရာတစ်ခုလို့ မှတ်ယူပါတယ်။ ယနေ့ ပြည်သူက ရွေးချယ်တင်မြှောက်လိုက်တဲ့ အစိုးရအနေဖြင့်လည်း နိုင်ငံတစ်ဝန်းမှာ အားကစားကွင်းကြီးများ ဖော်ထုတ်ကာ တည်ဆောက်ပေးလျက်ရှိနေပါတယ်။

ဒါကြောင့်မို့လို့ ကျောက်ဖြူမြို့ပေါ် ဂေါက်ကလပ်ကို လူတစ်စု၊ အဖွဲ့တစ်ခုက ထိန်းသိမ်း နေရခြင်းထက် အများနှင့်ဆိုင်တဲ့ အားကစားကွင်းဖြစ်တာကြောင့်မို့လို့ အစိုးရအနေနဲ့ ငွေကြေး ထောက်ပံ့ပေးပြီး ထိန်းသိမ်းရန် လိုအပ်လျက်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ ကျောက်ဖြူမြို့ပေါ်ရှိ အများ

ပြည်သူနှင့်ဆိုင်သော ဂေါက်ကလပ်ကွင်း၌ အရက်၊ ဘီယာဆိုင်ရောင်းချခွင့် ရှိ/မရှိနှင့် ဆောက်လုပ်ခွင့်ပြုသူများကို အရေးယူပေးဖို့ အစီအစဉ် ရှိ/မရှိ မဲဆန္ဒရှင်ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအား လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်ရှိ လေးမြို့မြစ်မှ မြစ်သဲ၊ ကျောက်များကို အထိန်းအကွပ်မရှိ စည်းမဲ့ကမ်းမဲ့ စီးပွားဖြစ်ထုတ်ယူနေမှုများကို ရပ်ဆိုင်းပေးရန် သို့မဟုတ် အတိုင်းအတာ သတ်မှတ်ချက်များနှင့် စနစ်တကျ ထုတ်ယူနိုင်ရန် သက်ဆိုင်ရာမှ စီမံခန့်ခွဲ ထိန်းချုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် က ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်ရှိ လေးမြို့မြစ်မှ မြစ်သဲ၊ ကျောက်များကို အထိန်းအကွပ်မရှိ စည်းမဲ့ကမ်းမဲ့ စီးပွားဖြစ်ထုတ်ယူနေမှုများကို ရပ်ဆိုင်းပေးရန် သို့မဟုတ် အတိုင်းအတာ သတ်မှတ်ချက်များနှင့် စနစ်တကျ ထုတ်ယူနိုင်ရန် သက်ဆိုင်ရာမှ စီမံခန့်ခွဲ ထိန်းချုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးထားတဲ့ မေးခွန်းနဲ့ပတ်သက်လို့ အကျိုးအကြောင်းကို ရှင်းလင်းတင်ပြပေးပါမယ်။ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်ရှိ လေးမြို့မြစ်အထက်ပိုင်း တစ်လျှောက်လုံးမှာ မြစ်သဲ၊ ကျောက်များကို စည်းမဲ့ကမ်းမဲ့ အထိန်းအကွပ်မရှိ ထုတ်ယူနေကြတာ နှစ်(၂၀)ကျော် ရှိနေပြီဖြစ်ပါတယ်။ ဒီ မြစ်သဲ၊ ကျောက်များကို အတိုင်းအဆမရှိ မိမိတို့လိုချင်သလို စီးပွားဖြစ်ထုတ်ယူနေကြတဲ့အတွက် မြစ်ကမ်းပါးများ မကြာခဏပြိုကျခြင်း၊ မြစ်ကမ်းပါးများ ပျက်စီးယိုယွင်းခြင်း၊ မြစ်ကြမ်းပြင်များ ပျက်စီးခြင်းတို့ကြောင့် မြစ်ရေစီး ပြင်းထန်လာတယ်။ မြစ်ရေကြောင်း ပြောင်းလဲလာတယ်။ ရေကြီး ရေလျှံမှုတို့ ယခင်ကထက် ပိုမိုပြီးတော့ များပြားစွာ ဖြစ်ပေါ်လာတာ တွေ့ရပါတယ်။ ဒီ လေးမြို့မြစ်ကမ်းခြေမှာ တည်ရှိနေကြတဲ့ ကျေးရွာများဟာ ဒီမြစ်ကမ်းပါးပေါ်မှာရှိတဲ့ ကိုင်းမြေ၊ ကျွန်းမြေ၊ ဥယျာဉ်ခြံမြေများကို အဓိကထား အားကိုးပြုရ၊ မှီခိုလုပ်ကိုင် စားသောက်နေကြရတာ ဖြစ်ပါတယ်။

မြောက်ဦးမြို့နယ်ရှိ လေးမြို့မြစ်ကမ်းတွင် တည်ရှိနေတဲ့ မြက်ရိတ်ကျွန်း ကျေးရွာအုပ်စု၊ ဆင်အိုးကျေးရွာအုပ်စုတို့မှ ပြောကြားချက်အရ လေးမြို့မြစ်ရေကြီးမှု၊ မြစ်ကမ်းပါး ရေလျှံမှုတို့ကြောင့် မြစ်ကမ်းပါးများ ပြိုကျခဲ့တာ မြစ်ထဲသို့ ပေ(၅၀၀)ကျော် ရောက်ရှိသွားပြီဖြစ်တယ်လို့ သိရပါတယ်။ ဒီကျေးရွာအုပ်စုနယ်မြေများမှာ မော်တော်ဘုတ်ကြီး၊ ဘုတ်ငယ်တွေနဲ့ စည်းမဲ့ကမ်းမဲ့ ကျောက်စုပ်ထုတ်ယူမှုများကို မြောက်ဦးခရိုင်နှင့် မြောက်ဦးမြို့နယ် အုပ်ချုပ်ရေးမှူးတို့ထံ တင်ပြတိုင်ကြားခဲ့ပါသော်လည်း မည်သို့မျှ စိစစ်အရေးယူမှု မရှိခဲ့ကြပါဘူး။ ဆက်လက်ပြီး လုပ်ဆောင်မြဲအတိုင်း လုပ်ဆောင်နေကြတာ

တွေ့ရပါတယ်။ ဒါကြောင့် လွှတ်တော်မှာ တင်ပြနိုင်ရန်အတွက် ကျွန်တော့်ထံသို့ အသိပေးတင်ပြလာခြင်း ဖြစ်ပါတယ်။

မြစ်သဲ၊ ကျောက်ဆိုတာ သဘာဝသယံဇာတဖြစ်ပေါ်နေမှု တစ်မျိုးဖြစ်ပါတယ်။ သဘာဝ သယံဇာတကို အထိန်းအကွပ်မဲ့ ပရမ်းပတာ ထုတ်ယူနေကြမယ်ဆိုရင် တန်ပြန်သက်ရောက်တဲ့ ဆိုးကျိုး ကိုလည်း ဒေသခံများကသာ လက်တွေ့ရင်ဆိုင် တွေ့ကြုံခံစားလာကြရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြောက်ဦးမြို့နယ်ရှိ လေးမြို့မြစ်မှ မြစ်သဲ၊ ကျောက်များကို အထိန်းအကွပ်မရှိ စည်းမဲ့ကမ်းမဲ့ စီးပွားဖြစ် ထုတ်ယူနေမှုများကို ရပ်ဆိုင်းပေးပါရန်၊ ဒါမှမဟုတ် အတိုင်းအတာသတ်မှတ်ချက်များနှင့် စနစ်တကျ ထုတ်ယူနိုင်ရန် သက်ဆိုင်ရာမှ စီမံခန့်ခွဲထိန်းချုပ်ပေးရန် အစီအစဉ် ရှိ/မရှိ လေးစားစွာဖြင့် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၅။**

**ဗိုလ်ချုပ်အောင်သူ (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် မေးတဲ့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ် ကျေးရွာများဖြစ်တဲ့ ဆန်းသစ်ပြင်ကျေးရွာ၊ သဘော်ကွေးကျေးရွာ၊ သုံးခွ(ခေါ်)ကွင်းကြီး(ရခိုင်)ကျေးရွာများကို ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ကျေးရွာ အမည်စာရင်းမှာ ထည့်သွင်းပေးနိုင်ရေးနှင့် လက်ရှိကျေးရွာများရဲ့ မြေများအား ရွာမြေအဖြစ် သတ်မှတ်ပေးရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ် င/တပေါင်းကျေးရွာအုပ်စုရှိ ဆန်းသစ်ပြင်ကျေးရွာအား ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၃ - ၆ - ၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၉၉/၂၀၁၅) ဖြင့် ပြည်ထဲရေးအမည်ပေါက် ကျေးရွာအဖြစ် သတ်မှတ်ထားရှိပြီးဖြစ်ပါတယ်။ အဆိုပါ ဆန်းသစ်ပြင် ကျေးရွာမှာ အိမ်ခြေ(၅၀)လုံး၊ အိမ်ထောင်စု(၅၀)စုရှိပြီး၊ လူဦးရေ ကျား(၁၂၂)ဦး၊ မ(၁၈၂)ဦး စုစုပေါင်း (၃၀၄)ဦး နေထိုင်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ် မြို့သစ်ရပ်ကွက်အား ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနရဲ့ ၇ - ၇ - ၁၉၇၂ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် စတင် ဖွဲ့စည်းခဲ့ပါတယ်။ သဘော်ကွေးကျေးရွာဟာ ကျောက်တော်မြို့နယ် မြို့သစ်ရပ်ကွက် ကွင်းအမှတ် (၇၂၄)၊ ကာလီယာကွင်း စားကျက်မြေအတွင်း တည်ရှိပြီး အိမ်ခြေ(၃၂)လုံး၊ အိမ်ထောင်စု(၃၂)စု၊

ကျား(၇၈)ဦး၊ မ(၉၈)ဦး စုစုပေါင်း လူဦးရေ (၁၇၆)ဦး နေထိုင်လျက်ရှိပါတယ်။ အဆိုပါ သဘော်ကွေး ကျေးရွာဟာ မြို့သစ်ရပ်ကွက် ဧရိယာအတွင်း ပါဝင်ပြီးဖြစ်သဖြင့် ပြည်ထဲရေးအမည်ပေါက်အဖြစ် သတ်မှတ်ပေးရန် မလိုအပ်တော့ပါကြောင်းနှင့် စားကျက်မြေဧရိယာအတွင်း တည်ရှိနေတဲ့အတွက် စားကျက်မြေ ပယ်ဖျက်ခွင့်ရရှိရေး ဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရရဲ့ ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။

ကျောက်တော်မြို့နယ်၊ ထောက်လေမင်တန် ကျေးရွာအုပ်စုအား ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁၇-၁၂-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁၇၂/၂၀၁၃) ဖြင့် ထောက်လေမင်တန်ကျေးရွာ၊ ကြာညိုအင်းကျေးရွာ၊ ကွင်းကြီးညိုကျေးရွာ၊ သုံးခွ(ခေါ်)ကွင်းကြီး(ရခိုင်)ကျေးရွာဟူ၍ ကျေးရွာ(၄)ရွာ ဖြင့် ပြည်ထဲရေးအမည်ပေါက် ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။ အဆိုပါ ကျေးရွာများအနက် သုံးခွ(ခေါ်) ကွင်းကြီး(ရခိုင်)ကျေးရွာမှာ အိမ်ခြေ(၅၅)လုံး၊ အိမ်ထောင်စု(၅၅)စု၊ ကျား(၁၂၃)ဦး၊ မ(၁၁၅)ဦး၊ စုစုပေါင်း(၂၃၈)ဦး နေထိုင်လျက်ရှိပါတယ်။ သုံးခွ(ခေါ်)ကွင်းကြီး(ရခိုင်)ကျေးရွာဟာ ပြည်ထဲရေး အမည်ပေါက် ကျေးရွာစာရင်းတွင် ပါဝင်ပြီးဖြစ်ပါသဖြင့် ထပ်မံဖွဲ့စည်းရန် မလိုအပ်ပါကြောင်းနှင့် မြေအမျိုးအစားမှာ မြေလွတ်မြေရိုင်းဖြစ်သောကြောင့် အခြားနည်းနှင့် အသုံးပြုခွင့်ရရှိရေး လုပ်ထုံး လုပ်နည်းများနှင့်အညီ လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။

သို့ပါ၍ ကျောက်တော်မြို့နယ်၊ ဆန်းသစ်ပြင်ကျေးရွာနှင့် သုံးခွ(ခေါ်)ကွင်းကြီး(ရခိုင်) ကျေးရွာတို့ဟာ ပြည်ထဲရေးအမည်ပေါက် ကျေးရွာများဖြစ်ပါကြောင်း၊ သဘော်ကွေးကျေးရွာဟာ မြို့သစ်ရပ်ကွက် ဧရိယာအတွင်း ပါဝင်ပြီးဖြစ်သဖြင့် ပြည်ထဲရေးအမည်ပေါက် ကျေးရွာအဖြစ် သတ်မှတ်ပေးရန် မလိုအပ်ပါကြောင်း ယင်းကျေးရွာသည် စားကျက်မြေဧရိယာအတွင်း တည်ရှိနေ သဖြင့် စားကျက်မြေပယ်ဖျက်ခွင့်ရရှိရေးအတွက် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်းနှင့် သုံးခွ(ခေါ်)ကွင်းကြီး(ရခိုင်)ကျေးရွာဟာ မြေလွတ်၊ မြေရိုင်းဖြစ်တဲ့အတွက် အခြားနည်း အသုံးပြုခွင့်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ပေါင်းစပ်ဖြေကြားချက်အရ ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင် ရဲ့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သရက်တောကျေးရွာအုပ်စု၊ ရဲကင်းမှ ရဲတပ်ဖွဲ့ဝင်များ၏ အိမ်ရာများကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အသစ်တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သရက်တော ရဲကင်းစခန်းဟာ စလင်းမြို့နယ်၊ သရက်တော ကျေးရွာရှိ မြေဧရိယာ(၀.၆၂)ဧကပေါ်တွင် တည်ရှိပါတယ်။ သရက်တောကျေးရွာ ရဲကင်းစခန်းရဲ့ ဖွဲ့စည်းပုံမှာ အရာရှိ(၁)ဦး၊ အခြားအဆင့်(၁၇)ဦး၊ စုစုပေါင်း(၁၈)ဦးဖြစ်ပြီး လက်ရှိမှာ အရာရှိ(၁)ဦး၊ အခြားအဆင့်(၆)ဦး ပေါင်း(၇)ဦးဖြင့် နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ သရက်တော ရဲကင်းဟာ ကိုယ့်အားကိုယ်ကိုး ရဲကင်းစခန်းရုံး(၁)လုံး၊

လုံးချင်းနေအိမ်(၆)လုံး၊ စုစုပေါင်း အဆောက်အဦ(၇)လုံးရှိပါတယ်။ သရက်တော ရဲကင်းစခန်းဝင်း အတွင်း အိမ်ထောင်သည် တပ်ဖွဲ့ဝင်(၄)ဦးမှာ လုံးချင်းအိမ်(၄)လုံးတွင် နေထိုင်လျက်ရှိပြီး လူပျို တပ်ဖွဲ့ဝင်(၃)ဦးမှာ လုံးချင်းအိမ်(၁)လုံးတွင် နေထိုင်လျက်ရှိပါတယ်။ ကျန်(၁)လုံးမှာ ဟောင်းနွမ်း ဆွေးမြည့်လျက်ရှိပြီး ပြုပြင်၍မရတဲ့ အဆောက်အဦဖြစ်ပါတယ်။ သရက်တော ရဲကင်းစခန်းရုံးမှာ ပြုပြင်ရန် မလိုတဲ့ အဆောက်အဦဖြစ်ပြီး လုံးချင်းအိမ်(၆)လုံးမှာ နှစ်ကာလကြာမြင့်ပြီး ဟောင်းနွမ်း ဆွေးမြည့်နေသဖြင့် ပြုပြင်ရန် လိုအပ်တဲ့ အဆောက်အဦများဖြစ်ပါတယ်။ ထို့အပြင် ဖွဲ့စည်းပုံနှင့်အညီ အင်အားထပ်မံဖြည့်တင်းလာပါက တပ်ဖွဲ့ဝင်နေထိုင်ရန် နေအိမ်လိုင်းခန်း လိုအပ်ခြင်းကြောင့် (၆)ခန်းတွဲ (၂)ထပ်(၁)လုံးအား ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိနေပါတယ်။

သို့ပါ၍ သရက်တော ရဲကင်းစခန်းအတွက် လိုအပ်တဲ့ (၆)ခန်းတွဲ (၂)ထပ် (၁)လုံးအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း မူလအသုံးစရိတ်တွင် ထည့်သွင်းတောင်းခံရန် အချိန်ကာလ ကျော်လွန်သွားခြင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ဖြည့်စွက်အသုံးစရိတ်တွင် အဆောက်အဦသစ်များ ဆောက်လုပ်ပေးရန် ခွင့်ပြုမှုမရှိခြင်း၊ လက်ရှိအဆောက်အဦမှာလည်း တပ်ဖွဲ့ အစီအစဉ်ဖြင့်ဆောက်လုပ်ထားတဲ့ အဆောက်အဦဖြစ်သဖြင့် ပြန်လည်ပြုပြင်ရန် ပြင်ဆင်ထိန်းသိမ်း စရိတ်ရန်ပုံငွေမှ ခွင့်ပြုပေးနိုင်မှုမရှိသဖြင့် တပ်ဖွဲ့ဝင်များ အန္တရာယ်ကင်းစွာနေထိုင်နိုင်ရေးအတွက် တပ်ဖွဲ့ အစီအစဉ်ဖြင့် ပြုပြင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ (၆)ခန်းတွဲ(၂)ထပ်(၁)လုံးအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း မူလအသုံးစရိတ်တွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သောင်း ရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းနယ်မြေ ရဲစခန်းနှင့် ရွာသစ်ကြီးနယ်မြေ ရဲစခန်းများအတွက် လိုအပ်လျက်ရှိတဲ့ ရုံး၊ လူနေအဆောက်အဦများနှင့် ရဲအချုပ် ခန်းများ အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်း မြို့နယ်၊ မင်းကွန်းနယ်မြေ ရဲစခန်းမှာ မင်းကွန်းကျေးရွာအုပ်စုနှင့် ရွာသစ်ကျေးရွာရှိ မြေဧရိယာ (၂.၆၇)ဧကပေါ်မှာ တည်ရှိပါတယ်။ မင်းကွန်းနယ်မြေ ရဲစခန်းဖွဲ့စည်းပုံမှာ အရာရှိ(၈)ဦး၊ အခြား အဆင့်(၃၇)ဦး၊ စုစုပေါင်း(၄၅)ဦးဖြစ်ပြီး လက်ရှိမှာ အရာရှိ(၁)ဦး၊ အခြားအဆင့်(၁၄)ဦး၊ စုစုပေါင်း (၁၅)ဦးဖြင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ မင်းကွန်း နယ်မြေ ရဲစခန်းဝင်းအတွင်း နိုင်ငံတော်ဘဏ္ဍာဖြင့် ဆောက်လုပ်ခဲ့တဲ့ အဆောက်အဦများမှာ ရဲစခန်းရုံး (၁)လုံး၊ လုံးချင်းနေအိမ်(၁)လုံး၊ (၂)ခန်းတွဲ (၁)ထပ် (၂)လုံး၊ (၆)ခန်းတွဲ (၁)ထပ် (၁)လုံး၊ ကိုယ့်အားကိုယ်ကိုး (၄)ခန်းတွဲ (၁)ထပ် (၂)လုံး၊ စုစုပေါင်း အဆောက်အဦ(၇)လုံး၊ လူနေအိမ်ခန်းအရေအတွက် (၁၉)ခန်းရှိပြီး (၇)ခန်းမှာ ပြုပြင်ရန်မလိုတဲ့ အဆောက်အဦများဖြစ်သဖြင့် အဆိုပါ အခန်း(၇)ခန်းတွင် အိမ်ထောင်သည် (၇)ဦး နေထိုင်လျက်ရှိပြီး (၄)ခန်းတွဲ (၁)ထပ် (၂)လုံးနှင့် (၂)ခန်းတွဲ (၁)ထပ် (၂)လုံးရှိ အခန်းပေါင်း (၁၂)ခန်းမှာ ပျက်စီးလျက်ရှိသဖြင့် လူနေထိုင်ရန် မသင့်တော်သော အဆောက်အဦများ ဖြစ်ပါတယ်။

အိမ်ထောင်သည် တပ်ဖွဲ့ဝင်(၆)ဦးနှင့် လူပျိုတပ်ဖွဲ့ဝင် (၂)ဦးမှာ နေအိမ်လိုင်းခန်း လုံလောက်မှုမရှိသဖြင့် ပျက်စီးနေတဲ့အခန်းများမှာ နေထိုင်လျက် ရှိပါတယ်။

ရွာသစ်ကြီးနယ်မြေရဲစခန်းမှာ ရွာသစ်ကြီးကျေးရွာအုပ်စု၊ ရွာလည်ရပ်ရှိ မြေဧရိယာ (၃)ဧကပေါ်မှာ တည်ရှိပါတယ်။ ရွာသစ်ကြီးနယ်မြေရဲစခန်းရဲ့ ဖွဲ့စည်းပုံမှာ အရာရှိ(၈)ဦး၊ အခြားအဆင့်(၃၇)ဦး၊ စုစုပေါင်း(၄၅)ဦးဖြစ်ပြီး လက်ရှိမှာ အရာရှိ(၂)ဦး၊ အခြားအဆင့်(၁၄)ဦး၊ စုစုပေါင်း(၁၆)ဦးဖြင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ရွာသစ်ကြီး နယ်မြေရဲစခန်းဝင်းအတွင်း နိုင်ငံတော်ဘဏ္ဍာဖြင့် ဆောက်လုပ်ခဲ့တဲ့ အဆောက်အအုံများမှာ ရဲစခန်းရုံး (၁)ထပ် (၁)လုံး၊ လုံးချင်းနေအိမ်(၃)လုံး၊ (၂)ခန်းတွဲ (၁)ထပ် (၃)လုံး၊ (၄)ခန်းတွဲ (၁)ထပ် (၁)လုံး၊ စုစုပေါင်း အဆောက်အဦ (၈)လုံးရှိပြီး လူနေအခန်းအရေအတွက် (၁၃)ခန်းရှိသော်လည်း (၂)ခန်းတွဲ (၁)ထပ် (၁)လုံးမှာ ပြုပြင်၍မရသော အဆောက်အဦများဖြစ်ပြီး ကျန်အဆောက်အဦ များမှာ ပြုပြင်ရန်မလိုတဲ့ အဆောက်အဦများ ဖြစ်ပါတယ်။ အိမ်ထောင်သည်(၆)ဦးနှင့် လူပျို(၄)ဦးမှာ ရဲစခန်းရှိ နေအိမ်လိုင်းခန်းများမှာ နေထိုင်လျက်ရှိပြီး ကျန်အိမ်ထောင်သည်(၅)ဦးနှင့် အပျို(၁)ဦးမှာ ဒေသခံများဖြစ်တဲ့အတွက် မိဘများနှင့်အတူ နေထိုင်လျက်ရှိပါတယ်။ လက်ရှိ တပ်ဖွဲ့ဝင်အင်အားနှင့် အဆောက်အဦများမှာ လုံလောက်မှုမရှိသော်လည်း အဆောက်အဦများမှာ နှစ်ကာလကြာမြင့်တဲ့အတွက် ခေတ်နှင့်လျော်ညီတဲ့ အဆောက်အဦများ ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါတယ်။

သို့ပါ၍ မင်းကွန်းနယ်မြေရဲစခန်းမှာ စခန်းရုံး(အချုပ်အပါအဝင်) (၁)ထပ် သံကူကွန်ကရစ် (၁)လုံးနှင့် (၆)ခန်းတွဲ (၄)ထပ် သံကူကွန်ကရစ် (၁)လုံးတို့အားလည်းကောင်း၊ ရွာသစ်ကြီးနယ်မြေရဲစခန်းမှာ စခန်းရုံး(အချုပ်ပါ)(၁)ထပ် သံကူကွန်ကရစ်(၁)လုံးနှင့် (၆)ခန်းတွဲ (၄)ထပ် သံကူကွန်ကရစ် (၁)လုံးအား ဆောက်လုပ်ပေးနိုင်ရေးအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း မူလအသုံးစရိတ်မှာ တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ရဲ့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ပေါ်ရှိ ဂေါက်ကလပ်အတွင်းရှိ အရက်၊ ဘီယာဆိုင်များ ဆောက်လုပ်ရောင်းချခွင့် ရှိ/မရှိနှင့် တာဝန်ရှိ ခွင့်ပြုသူများအား အရေးယူပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ဖြူမြို့နယ် နဒီသောင်ယံဂေါက်ကွင်းဟာ (၃၈.၂၅၆)ဧက ကျယ်ဝန်းပြီး ကျောက်ဖြူမြို့ အစိုးရရပ်ကွက်မှာ တည်ရှိပါတယ်။ နဒီသောင်ယံဂေါက်ကလပ်ကို ကော်မတီအဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းထားရှိပါတယ်။ ဂေါက်ကလပ်ကော်မတီဟာ ဂေါက်ကွင်း သန့်ရှင်းသာယာလှပစေရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ဂေါက်ကွင်းကြီးကြပ်သူ(၁)ဦး၊ လုပ်သား(၁၀)ဦးနှင့် ကွင်းပြင်ဆင်စရိတ် တစ်လ(၁၀)သိန်းခန့် ကုန်ကျလျက်ရှိကြောင်း သိရှိရပါတယ်။ နဒီသောင်ယံဂေါက်ကွင်းမှာ ဂေါက်ကွင်းအသုံးပြုခ တစ်ဦးလျှင် (၂၀၀၀)ကျပ်ဖြစ်ပြီး ရုံးဖွင့်ရက်များမှာ (၅)ဦးခန့်နှင့် ရုံးပိတ်ရက်မှာ (၁၅)ဦးခန့် လာရောက်ကစားကြောင်း သိရှိရပါတယ်။ လစဉ်ကြေးအဖြစ် တစ်ဦးလျှင် တစ်သောင်းကျပ် ကောက်ခံခဲ့သော်လည်း ဂေါက်ကွင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး သန့်ရှင်းဆောင်ရွက်ရန်အတွက် ငွေလုံလောက်မှုမရှိသဖြင့် ဂေါက်ကလပ်ကော်မတီရဲ့ သဘောတူညီ

ချက်ဖြင့် ၁၉၉၂ ခုနှစ်က ဆောက်လုပ်အသုံးပြုခဲ့တဲ့ ဂေါက်ကလပ်အဆောက်အဦဟာ ဟောင်းနွမ်းပျက်စီးသွားခြင်း၊ ဂေါက်သီးရိုက်ကစားသမားများ နားနေရန် အဆောက်အဦမရှိခြင်း၊ ပစ္စည်းထိန်းသိမ်းရန်နေရာမရှိခြင်းတို့ကြောင့် ဂေါက်သီးရိုက်အားကစားသမားများ နားနေရန်၊ ပစ္စည်းများထိန်းသိမ်းရန်အတွက် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ဂေါက်ကလပ် အဆောက်အဦအသစ်အား စားသောက်ဆိုင်နှင့်တွဲ၍ဆောက်လုပ်ပြီး ဂေါက်ကလပ်ကော်မတီဝင် ဦးအောင်မြတ်ထွန်း ကို BOT စနစ်ဖြင့် ငှားရမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

ကျောက်ဖြူမြို့ နဒီသောင်ယံဂေါက်ကလပ်ဟာ ကျောက်ဖြူမြို့ မြို့မိမြို့ဖများ၊ ဒေသခံ ဂေါက်သီးကစားသမားပါဝင်တဲ့ ဂေါက်ကလပ်ကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ထိန်းသိမ်းထားရှိတဲ့ ဂေါက်ကလပ် ဖြစ်ပါတယ်။ ၁၉၂၈ ခုနှစ် ယစ်မျိုးနည်းဥပဒေ ၂၂ မှာ ဈေး၊ ဆေးရုံ၊ စက်ရုံ၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ဘုရား၊ အများပြည်သူ ဝတ်ပြုပူဇော်ရာနေရာအနီးမှာ ယစ်မျိုးဆိုင်ဖွင့်လှစ်ခြင်းမပြုရန် ဦးစွာဖော်ပြပြီး ဂေါက်ကလပ်များတွင် ယစ်မျိုးဆိုင် ဖွင့်လှစ်ရောင်းချမှုအား ယစ်မျိုးဥပဒေတွင် ကန့်သတ်ထားရှိမှုမရှိပါကြောင်း ဂေါက်ကလပ်များမှာ ယစ်မျိုးဆိုင်ဖွင့်လှစ်လိုခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဂေါက်ကလပ်ကော်မတီရဲ့ ထောက်ခံချက် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြလာပါက စိစစ်ပြီး ဥပဒေနှင့်အညီ ခွင့်ပြုပေးလျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့ရှိ အချို့သော ဂေါက်ကလပ်များမှာလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ယစ်မျိုးလိုင်စင် ခွင့်ပြုချထားပေးမှုများရှိပါတယ်။

နဒီသောင်ယံဂေါက်ကွင်းအတွင်းရှိ အဆောက်အဦမှာ ဦးအောင်မြတ်ထွန်း ရဲ့ ဇနီး ဒေါ်မြင့်မြင့်ခိုင် မှ စားသောက်ဆိုင် ဖွင့်လှစ်ရောင်းချခဲ့ကြောင်းသိရှိရပြီး ဒေါ်မြင့်မြင့်ခိုင် မှာ ကျောက်ဖြူမြို့ သံပန်ချောင်းရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၁၈)မှာ ယစ်မျိုးလိုင်စင် FL-12 ရရှိထားသူဖြစ်ပါတယ်။ ယစ်မျိုးလိုင်စင်အား FL - 17 အဖြစ် အမျိုးအစားပြောင်း၊ တည်နေရာပြောင်း လျှောက်ထားခဲ့သဖြင့် ရောင်းချရန် ခွင့်ပြုချက်မရသေးမီကာလအတွင်း ရောင်းချခြင်းမပြုရန် ၅ - ၆ - ၂၀၁၈ ရက်နေ့တွင် ကျောက်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဂေါက်ကလပ်သို့ အကြောင်းကြားထားရှိပြီးဖြစ်သဖြင့် အရက်၊ ဘီယာရောင်းချခြင်းမရှိဘဲ ကလပ်အဆောက်အဦအဖြစ်သာ အသုံးပြုလျက်ရှိပါတယ်။ FL-17 ယစ်မျိုးလိုင်စင်အဖြစ် လိုင်စင်အမျိုးအစားနှင့် တည်နေရာ ပြောင်းလဲခွင့်ပြုရန် ဒေါ်မြင့်မြင့်ခိုင် မှ လျှောက်ထားလာမှုအပေါ် ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ပြီး ၂၈ - ၆ - ၂၀၁၈ ရက်နေ့တွင် ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြထားရှိပြီးဖြစ်ပါတယ်။

ယစ်မျိုးဆိုင်ရာ စီမံခန့်ခွဲမှုဆောင်ရွက်ရာမှာ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်များကို အပြည့်အဝရရှိစေရန်၊ လိုင်စင်မဲ့ဆောင်ရွက်မှုများအား ဥပဒေနှင့်အညီ စနစ်တကျအရေးယူရန် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၀ - ၄ - ၂၀၁၄ ရက်စွဲပါ စာဖြင့် ယစ်မျိုးလိုင်စင်များ တိုးမြှင့်ကောက်ခံရေးနှင့် စိစစ်ကြပ်မတ်ရေးအဖွဲ့ (Task Force)များကို ဗဟိုအဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁၁ - ၁၁ - ၂၀၁၁ ရက်စွဲပါ စာဖြင့် ယစ်မျိုး

လိုင်စင်များ၊ လိုင်စင်ခွန်များ တိုးမြှင့်ကောက်ခံရေးနှင့် စိစစ်ကြပ်မတ်ရေးဇဟိုအဖွဲ့အား ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

ကျောက်ဖြူမြို့နယ်အတွင်း ယစ်မျိုးလိုင်စင်ခွန် တိုးမြှင့်ကောက်ခံရေးနှင့် စိစစ်ကြပ်မတ်ရေး လုပ်ငန်းများကို မြို့နယ်ယစ်မျိုးအကြံပေးအဖွဲ့မှ တာဝန်ယူ၍ တရားဝင်လိုင်စင်နှင့် ရောင်းချသော အရက်ဆိုင်များအား သတ်မှတ်ချက်များနှင့်အညီ ရောင်းချခြင်း ရှိ/မရှိ၊ စိစစ်ရောင်းချခြင်းမရှိပါက အရေးယူခြင်း၊ လိုင်စင်မဲ့ အရက်ဆိုင်များအား ဖမ်းဆီးအရေးယူခြင်း၊ ဆက်လက်ရောင်းချခြင်း ရှိ/မရှိ သတင်းစုံစမ်း ဖမ်းဆီးအရေးယူခြင်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ လိုင်စင်မဲ့ အရက်ရောင်းချမှု အမှုပေါင်း(၁၁၅)မှု၊ တရားခံ ကျား(၇၄)ဦး၊ မ(၄၁)ဦး စုစုပေါင်း(၁၁၅)ဦးအား ဖမ်းဆီး အရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ကျောက်ဖြူမြို့နယ် နဒီသောင်ယံဂေါက်ကလပ်တွင် လက်ရှိ အရက်၊ ဘီယာများ ရောင်းချမှုမရှိဘဲ ဆိုင်ပိတ်ထားရှိပြီး FL -17 လိုင်စင်ရရှိရေး ဆောင်ရွက်လျက်ရှိပါကြောင်း တရားဝင် ခွင့်ပြုချက်လိုင်စင်ရရှိပါက ဂေါက်ကလပ်စားသောက်ဆိုင်မှာ အရက်၊ ဘီယာ ရောင်းချခွင့်ရရှိမည် ဖြစ်ပါကြောင်း လိုင်စင်မဲ့ အရက်ဆိုင်များတွင် ရောင်းချမှုမရှိစေရေး လိုင်စင်ပါ စည်းကမ်းများနှင့်အညီ ရောင်းချစေရေးအတွက်ကို Task Force များဖြင့် စိစစ်ကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း ရခိုင် ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ရဲ့ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်ရှိ လေးမြို့မြစ်မှ မြစ်သဲ၊ ကျောက်များအား အထိန်းအကွပ်မရှိ စည်းမဲ့ကမ်းမဲ့ စီးပွားဖြစ်ထုတ်ယူနေမှုများအား ရပ်ဆိုင်းပေးရန် သို့မဟုတ် အတိုင်းအတာ သတ်မှတ်ချက်များနှင့် စနစ်တကျထုတ်ယူနိုင်ရန် သက်ဆိုင်ရာမှ စီမံခန့်ခွဲ ထိန်းချုပ် ပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ တွင်းထွက်စက်မှုကုန်ကြမ်းသီးနှံနှင့် အလှဆင်ကျောက်အဆင့်တွင် ပါဝင်ခြင်းမရှိတဲ့ ကျောက်တုံး၊ ကျောက်ခဲ၊ ကျောက်စရစ်၊ သဲ၊ မြေစေး၊ မြစ်သဲ၊ ကျောက်စတဲ့ ဓာတ်သတ္တုပစ္စည်းများ ထုတ်လုပ်ခွင့် လုပ်ငန်းလိုင်စင်များ ချထားပေးရာမှာ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးများရဲ့ ထောက်ခံချက်၊ ပတ်ဝန်းကျင်မှာ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံချက်၊ ဆက်စပ်ဌာနများဖြစ်တဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ရဲ့ ထောက်ခံချက် တို့အပြင် လျှောက်ထားတဲ့နေရာကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးပြီး လတ်တလောတိုင်းတာရရှိတဲ့ ရေလမ်းပုံနှင့် အချက်အလက်များကို အသုံးပြုကာ မြစ်ချောင်းရဲ့ ရေလမ်းကြောင်းများကို ထိခိုက်မှု ရှိ/မရှိ ကမ်းပြိုမှုများ ဖြစ်ပွားမှု ရှိ/မရှိ မြစ်၏ဂေဟစနစ် ပျက်ယွင်းမှု ရှိ/မရှိ စိစစ်ထားတဲ့ သဘောထား ထောက်ခံချက်များ ပါဝင်ရမှာ ဖြစ်ပါတယ်။

ထို့အပြင် သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရဲ့ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာနှင့်အတူ ထောက်ခံတင်ပြမှသာ လုပ်ငန်းလုပ်ကိုင်ခွင့်အား ခရိုင်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး (ကော်လိတ္တော်အရာရှိ)မှ အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်အက်ဥပဒေပုဒ်မ ၃၈(က)၊ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်စည်းမျဉ်းဥပဒေ ပုဒ်မ ၃၁(၁) နှင့် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများဥပဒေ ပုဒ်မ ၂၃(က)(၁)တို့နှင့်အညီ စိစစ်ခွင့်ပြုချထား ပေးခြင်းဖြစ်ပါတယ်။ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်အတွင်း မြစ်ကျောက် ထုတ်လုပ်ခွင့်လိုင်စင် (၃၆)ခု၊ မြစ်သဲ ထုတ်လုပ်ခွင့်လိုင်စင် (၁၁)ခု၊ စုစုပေါင်းလိုင်စင် (၄၇)ခုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ခွင့်ပြုချထားပေးမှုအပေါ် အခွန်ငွေကျပ်(၂၀၇၃၀၅၀၀)ကိုလည်း ပြည်နယ်ဘဏ္ဍာရေးရန်ပုံငွေစာရင်းသို့ ကောက်ခံပေးသွင်းခဲ့ပါတယ်။

မြောက်ဦးမြို့နယ်အတွင်း မြစ်သဲ၊ ကျောက် ထုတ်လုပ်ခွင့် လိုင်စင်များ ခွင့်ပြုချထားပေးရာမှာ လေးမြို့မြစ်ကြောင်းတစ်လျှောက်ရှိ ကုန်ဘောင်ရှမ်းတောင်ကျေးရွာအုပ်စု၊ နန်းကျားကျေးရွာအုပ်စု၊ မြောင်းဘွေကျေးရွာအုပ်စု၊ မြက်ရိတ်ကျွန်းကျေးရွာအုပ်စုတို့မှာ မြစ်သဲ၊ ကျောက်ထုတ်လုပ်ခွင့် လိုင်စင် (၃)ခုနှင့် မြစ်သဲ၊ ကျောက်ထုတ်လုပ်ခွင့် လိုင်စင်(၅)ခု၊ စုစုပေါင်း(၈)ခုအား လုပ်ငန်းရှင်(၆)ဦးကို ခွင့်ပြု ချထားပေးပြီးဖြစ်ပါတယ်။ ထို့အပြင် မြစ်သဲ၊ ကျောက်ထုတ်လုပ်ရာမှာ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက် များနှင့် လိုင်စင်စည်းကမ်းများအား တိကျစွာလိုက်နာ၍ မြစ်၊ ချောင်းကမ်းပါးများ ပြိုကျမှုမရှိစေရေး သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိစေရေး၊ တရားမဝင်ထုတ်လုပ်မှု မရှိစေရေး၊ သတ်မှတ်နေရာ အတွင်းသာ လုပ်ငန်းများ ဆောင်ရွက်စေရေးအတွက် စစ်ဆေးကြပ်မတ်သွားရန် လုပ်ငန်းဆောင်ရွက် ရာမှာ ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်အတွက်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန(ရုံးချုပ်)ရဲ့ ၂၈ - ၈ - ၂၀၁၇ ရက်စွဲဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနများသို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။

ထိုသို့ လိုင်စင်ဖြင့် ဆောင်ရွက်သူများ စည်းကမ်းလိုက်နာစေရေး ဆောင်ရွက်ခဲ့တဲ့အပြင် လိုင်စင်မဲ့ဆောင်ရွက်မှုများကိုလည်း ဖော်ထုတ်အရေးယူမှုများ ပြုလုပ်ခဲ့ရာမှာ ရခိုင်ပြည်နယ်အတွင်း ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း (၁၃)ဦးအား တရားစွဲဆို အရေးယူခဲ့ပြီး ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် (၆)ဦးအား တရားစွဲဆိုခဲ့ရာ တရားရုံးမှာ စစ်ဆေး ဆောင်ရွက်ဆဲ ဖြစ်ပါတယ်။ မြောက်ဦးမြို့နယ်၊ မြက်ရိတ်ကျွန်းကျေးရွာအုပ်စု၊ ပိုးဖြူကျွန်းကျေးရွာနှင့် ဇင်္ဂလနိကုန်းကျေးရွာများအနီးမှာ လေးမြို့မြစ်အတွင်း မြစ်သဲ၊ ကျောက်ထုတ်လုပ်မှုများနှင့် ပတ်သက်၍ ၉ - ၉ - ၂၀၁၇ ရက်နေ့တွင် ပိုးဖြူကျွန်းကျေးရွာအုပ်စုမှ ဦးစောသိန်းဦး ပါ (၂၂)ဦးမှ ကျောက်ထုတ်လုပ်မှု များသည် ကျေးရွာနှင့် နီးကပ်စွာထုတ်လုပ်နေခြင်းများကြောင့် ကမ်းပါးပြိုမည့်ဒဏ်မှ ခံရမည်ဖြစ်ကြောင်း စိုးရိမ်သဖြင့် တင်ပြတိုင်ကြားမှုအပေါ် မြောက်ဦးမြို့နယ်၊ စီမံခန့်ခွဲရေးကော်မတီမှ ၁၀ - ၉ - ၂၀၁၇ ရက်စွဲပါ စာဖြင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးမှ အဖွဲ့ခေါင်းဆောင်ပါဝင်ပြီး အဖွဲ့ဝင်(၂)ဦး ဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေးခဲ့ရာ လိုင်စင်လျှောက်ထားဆဲ ဦးသန်းရွှေမောင်ပါ (၃)ဦးတို့မှ ကျေးရွာတာဝန်ရှိ ရပ်မိရပ်ဖများနှင့် ညှိနှိုင်း၍ မြစ်ကြောင်းအတွင်း သဲ၊ ကျောက်များ ထုတ်လုပ်နေကြောင်း စစ်ဆေးတွေ့ ရှိရပါတယ်။

ထို့ကြောင့် လိုင်စင်လျှောက်ထားဆဲ (၃)ဦးတို့အား ချက်ချင်းရပ်နားစေပြီး လိုင်စင်ရရှိမှသာ လိုင်စင်စည်းကမ်းများနှင့်အညီ ထုတ်လုပ်သွားရန်နှင့် လိုင်စင်လိုက်နာမှုမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးစေခဲ့ပါတယ်။ ၂ - ၄ - ၂၀၁၈

ရက်နေ့မှာ မြက်ရိတ်ကျွန်းကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး ဦးမောင်အေးထွန်း ယခင် အုပ်ချုပ်ရေးမှူး ဟောင်းတို့မှ ကျောက်၊ သဲ စုပ်ယူမှုကြောင့် မြစ်ကမ်းပါးအနီး ဇင်္ဂလနိကုန်းကျေးရွာမှ စိုက်ပျိုးလုပ်ကိုင်သူ များရဲ့ ကမ်းမြေများပြိုပျက်မည်ကို စိုးရိမ်သဖြင့် တင်ပြလာမှုအပေါ် မြောက်ဦးမြို့နယ်၊ စီမံခန့်ခွဲရေး ကော်မတီမှ ၄ - ၄ - ၂၀၁၈ ရက်စွဲပါ စာဖြင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး အဖွဲ့ခေါင်းဆောင်ပါဝင်ပြီး အဖွဲ့ဝင်(၃)ဦးဖြင့် ၁၆ - ၅ - ၂၀၁၈ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ရာ မြစ်သဲ၊ ကျောက်ထုတ်ယူနေမှု (၁၄)ဦးရှိပြီး လိုင်စင်ရရှိသူ(၃)ဦး၊ လိုင်စင်တင်ပြလျှောက်ထားသူ(၆)ဦးနှင့် လိုင်စင်ရယူထားခြင်းမရှိသူ (၅)ဦးအား စိစစ်တွေ့ရှိရပြီး တင်ပြပါတိုင်ကြားစာအတိုင်း ကမ်းနှင့်နီးကပ်စွာ လိုင်စင်ရယူလျှောက်ထား ခြင်းမရှိဘဲ ထုတ်လုပ်နေသူ(၅)ဦးတို့အား ထုတ်လုပ်ခြင်းမပြုရန်နှင့် ထပ်မံထုတ်လုပ်ပါက ဥပဒေနှင့် အညီဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးစေခဲ့ပါတယ်။

ထို့အပြင် လိုင်စင်လျှောက်ထားဆဲ(၆)ဦးအား လိုင်စင်ခွင့်ပြုချက်မရမီအချိန်အတွင်း ထုတ်လုပ်မှု မပြုရန် ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်သွားရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးစေခဲ့ပါတယ်။ ယင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ဒေသခံတောင်သူများရဲ့ ညှိနှိုင်းချက်အရ လိုင်စင် ရရှိသူများအား ကမ်းမှပေ(၃၀၀)အကွာ မြစ်အလယ်တွင် ထုတ်ယူရန် သဘောတူညီချက်အရ အမှတ်အသား တိုင်များ စိုက်ထူပေးကာ မြစ်အလယ်တွင် ထုတ်ယူရန် အမှတ်အသားများ မှတ်တိုင်ကျော်လွန်၍ ထုတ်ယူမှုများရှိပါက ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများမှ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ သတင်းပို့တင်ပြရန် တာဝန်ပေးအပ်ခဲ့ပြီး လဝက်နှင့်လကုန် ညှိနှိုင်းအစည်းအဝေး များမှာ မြစ်သဲကျောက်များ ကျူးကျော်ထုတ်လုပ်မှု ရှိ/မရှိအား တင်ပြသူလည်းရှိပါတယ်။ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှလည်း (၁)လလျှင်တစ်ကြိမ်ခန့် ကွင်းဆင်း၍ လိုင်စင် စည်းကမ်းပါ သတ်မှတ်ချက်များအား လိုက်နာခြင်း ရှိ/မရှိအား စစ်ဆေးလျက်ရှိပါတယ်။

သို့ပါ၍ မြစ်သဲ၊ ကျောက်များထုတ်လုပ်ရာမှာ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် လိုင်စင်စည်းကမ်းများအား တိကျစွာလိုက်နာရေး၊ မြစ်၊ ချောင်းကမ်းပါးများ ပြိုကျမှု မရှိစေရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရေး၊ တရားမဝင်ထုတ်လုပ်မှုများမရှိစေရေး၊ သတ်မှတ် နေရာအတွင်းသာ လုပ်ငန်းများ ဆောင်ရွက်စေရေးတို့အတွက် စစ်ဆေးကြပ်မတ်လျက်ရှိပါကြောင်း လိုင်စင်စည်းကမ်းဖောက်ဖျက်ခြင်းနှင့် လိုင်စင်မဲ့ထုတ်ယူခြင်းများ စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေ များနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ပေါင်းစပ် ဖြေကြားချက်အရ ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာတဲ့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၄)ဦး အမည်စာရင်းတင်သွင်းထားပါတယ်။ ဆွေးနွေးမယ့်ကိုယ်စားလှယ်များ တစ်ဦးလျှင် (၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၇။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေမူကြမ်းနှင့်ပတ်သက်ပြီးတော့ ဆွေးနွေးသွားမှာဖြစ်တဲ့အတွက်ကြောင့် Power Point အသုံးပြုခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ် ခင်ဗျား။

ပထမအနေနဲ့ အပိုဒ် ၂(ခ)မှာ ထေရဝါဒ ဆိုသည်မှာ ပထမသင်္ဂါယနာမှ ဆဋ္ဌမသင်္ဂါယနာအထိ သင်္ဂါယနာခြောက်တန် တင်ထားသောနေရာနောက်မှာ ပိဋကတ်သုံးပုံဆိုပြီး ထည့်ချင်ပါတယ်။ ဘာလို့လဲဆိုတော့ ပိဋကတ်သုံးပုံ၊ ဋီကာ(၅)ရပ်၊ ဓမ္မခန္ဓာပေါင်းရှစ်သောင်းလေးထောင်ရဲ့ အချုပ်ဖြစ်တဲ့ ဝိနည်း၊ သုတ်တန်၊ အဘိဓမ္မာ၊ ပိဋကတ်တွေပါအောင်၊ လေးနက်အောင် ထည့်သွင်းထားခြင်း ဖြစ်ပါတယ်။ (ဂ)မှာတော့ ထေရဩဝါဒါစရိယအဖွဲ့ ဆိုသည်မှာရဲ့ နောက်ဆုံးမှာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ဩဝါဒါစရိယအဖွဲ့ကို ဆိုပြီး ၏ လေးကို ထည့်ချင်ပါတယ်။ အပိုဒ် ၂ (ဓ) မှာတော့ အကုသိုလ်ဖြစ်စေမည့် ဒုစရိုက်တရားများကို သိရှိရှောင်ကြဉ်၍ ကုသိုလ်ဖြစ်စေမည့် သုစရိုက်တရားများကို သိရှိဖြည့်ဆည်းကျင့်သုံးနိုင်စေရန် ဆိုပြီးတော့ ထည့်ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပဋ္ဌာန်းပညာဝါဒမှာ အကုသလော ဓမ္မော၊ အကုသလဿဓမ္မဿ ဟေတုပစ္စယေနပစ္စယော ကုသလော ဓမ္မော၊ ကုသလဿဓမ္မဿ ဟေတုပစ္စယေနပစ္စယော ဆိုပြီးတော့ ကုသလဓမ္မနှင့် အကုသလဿဓမ္မကို အသေအချာထည့်စေချင်လို့ ဖြစ်ပါတယ်။

အဲဒီမှာပဲ နောက်ထပ်ဖြည့်စွက်ချင်တာက (ဇ)မှာတော့ နိုင်ငံတကာသို့ ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားထွန်းကားရေးအတွက် သာသနာပြုစေလွှတ်နိုင်ရန် ဆိုတဲ့ တစ်ချက်ကို ထည့်ချင်ပါတယ်။ နောက် အပိုဒ် ၃ (၁၀)မှာတော့ တက္ကသိုလ်တွင် ပညာသင်ကြားပို့ချသူများအပြင် သင်တန်းသားများ အဆင့်မြင့်မားတိုးတက်လာစေရန် ဩဝါဒချီးမြှင့်ခြင်းဆိုပြီးတော့ သင်တန်းသား လာထည့်ထားပါတယ်။ ဘာလို့လဲဆိုတော့ တောင်ကုတ်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ ရဲ့ နံနက်ခင်း

ဩဝါဒများမှာ သံဃာတော်များကိုသာမက လူပုဂ္ဂိုလ်များကိုပါ ဩဝါဒ ပေးသလိုမျိုးဖြစ်စေချင်လို့ပါ။ အပိုဒ် ၁၃ မှာတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အစိုးရအဖွဲ့သည် တက္ကသိုလ်၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကောင်စီကို အောက်ပါ ရဟန်းတော်နှင့် လူပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းထားချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပုဂ္ဂိုလ်ဆိုတာမှာ ရဟန်းတော်ရော၊ လူရောပါပြီးသားဖြစ်လို့ ဖြစ်ပါတယ်။

ဥပမာ သောတာပန်ပုဂ္ဂိုလ်၊ သကဒါဂမ်၊ အနာဂမ်ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်၊ မဂ်ရပုဂ္ဂိုလ်၊ ဖိုလ်ရပုဂ္ဂိုလ် ဆိုပြီးတော့ သုံးထားတဲ့အတွက်ကြောင့် ပုဂ္ဂိုလ်ဆိုရင် အားလုံးအကျုံးဝင်လို့ ဖြစ်ပါတယ်။ (ဃ)မှာတော့ ဒုတိယဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌကို ပယ်ဖျက်ချင်ပါတယ်။ ဘာလို့လဲဆိုတော့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှာ ဒုတိယဝန်ကြီး မရှိလို့ပါပဲ။ ဒါမှမဟုတ်လို့ရှိရင် အခြားသင့်တော်သော ဒုတိယဝန်ကြီးတစ်ဦးဦးကို ခန့်အပ်ရန်ဖြစ်ပါတယ်။ အဲဒီမှာပဲ ကျွန်တော်တို့ အပိုဒ် ၁၄ ရဟန်းတော်နှင့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်သည် ကောင်စီက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်လို့ ထည့်ထားတာကို ပြည်သူ့လွှတ်တော်ရဲ့ အဆိုပြုချက်အတိုင်း ထားချင်ပါတယ်။ ဘာလို့လဲဆိုတော့ ရဟန်းသံဃာတော်တွေကို ကျွန်တော်တို့ ချီးမြှင့်ငွေ မကိုင်ရပါဘူး။ ငွေချီးမြှင့်လို့မရသလို အခြားပစ္စည်းများကိုလည်း ချီးမြှင့်လို့မရပါဘူး။ ဆက်ကပ်လို့ပဲ ရပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားမှာပါ။

နောက်အပိုဒ် ၁၆ မှာ ထပ်မံဖြည့်စွက်ချင်တာက ကျွန်တော်တို့ အပိုဒ် ၃၇ (ဂ)က ကောင်စီသည် အမိန့်ညွှန်ကြားချက်နှင့် တက္ကသိုလ်ပဋိညာဉ်များကို ထုတ်ပြန်နိုင်သည်ဆိုတဲ့ အချက်ကို (မ) အနေနဲ့ ထည့်ချင်ပါတယ်။ ဒ့ါအပြင်(ဃ) ပြည်ပမှသင်တန်းသားများလက်ခံသင်ကြားခြင်းနှင့် ပြည်ပဗုဒ္ဓတက္ကသိုလ်များသို့ လေ့လာရေးစေလွှတ်ခြင်းကိုလည်း ထည့်ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တက္ကသိုလ်ရဲ့နာမည်နဲ့ လိုက်လျောညီထွေအောင် ဖြစ်ပါတယ်။ (ရ)ကတော့ ကျွန်တော်တို့ မထည့်တော့ပါဘူး။ (က)မှာပါတဲ့အတွက်ကြောင့် (ရ)ကို မထည့်တော့ပါဘူး။ နောက်အပိုဒ် ၁၈ မှာတော့ ရဟန်းပညာရှိ၊ လူပညာရှိတို့ လေးစားထိုက်သော ကျမ်းစာအုပ်ကို ရေးသားပြုစုဖူးသော ဆရာတော်ဖြစ်ရမည်လို့ ပြင်ချင်ပါတယ်။ ဘာလို့လဲဆိုတော့ ရဟန်း၊ သံဃာတော်၊ ဆရာတော်တစ်ပါးဟာ ကျမ်းစာအုပ်(၁၀)အုပ်၊ (၁၅)အုပ် ရေးထားသော်လည်း ရဟန်းပညာရှိ၊ လူပညာရှိကြီးတို့ရဲ့ ချီးကျူးမခံရလို့ရှိရင် တစ်နည်းအားဖြင့် တစ်ကျမ်းမကျော်လို့ရှိရင် မရပါဘူး။ တစ်ကျမ်းတည်း ပြုစုပေမယ့်လည်း ကျော်ကြားလို့ရှိရင် အဲဒီ တစ်ကျမ်းတည်းနှင့်တင် အဂ္ဂမဟာပဏ္ဍိတရပါတယ်။

ဒ့ါအပြင် လူတစ်ရာချီးမွမ်းနေပါစေ ပညာရှိသူတော်ကောင်းတစ်ယောက် ကဲ့ရဲ့ရှုံ့ချတာ အင်မတန်ကြောက်ဖို့ကောင်းသလို လူတစ်ရာ ကဲ့ရဲ့ရှုံ့ချနေပါစေ ပညာရှိသူတော်ကောင်းတစ်ယောက် ချီးမွမ်းတာက အရေးကြီးတဲ့အတွက်ကြောင့် ဒီနေရာမှာ ရဟန်းပညာရှိ၊ လူပညာရှိလို့ ထည့်ထားခြင်းဖြစ်ပါတယ်။ နောက်တက္ကသိုလ်ရဲ့ ကျွန်တော်တို့ စီမံတဲ့ ဒုတိယပါမောက္ခချုပ်ရွေးတဲ့အခါမှာလည်း (က)မှာ ထေရဝါဒဗုဒ္ဓဘာသာဝင်ဖြစ်ပြီး အဘိဓမ္မာအခြေခံရှိရမည်လို့ ထပ်ဖြည့်ချင်ပါတယ်။ ဘာလို့လဲဆိုတော့ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ဖြစ်လို့ မဖြစ်ပါဘူး။ မြတ်စွာဘုရားရဲ့ ပရမတ်တရားတွင် ရေးသားထားတဲ့ ဒီ အဘိဓမ္မာတရားရဲ့ အကျဉ်းချုပ်ဖြစ်တဲ့ ကျွန်တော်တို့ သင်္ဂြိုဟ်ကိုးပိုင်း၊ စိတ်၊ စေတသိတ်၊

ပကိဏ်း၊ ဝီထိ၊ ဘုံ၊ ရုပ်၊ သမုတ်စည်း၊ ပစ္စည်း၊ ကမ္မဋ္ဌာန်းပိုင်း(၉)ခုကိုတော့ တီးမိခေါက်မိဖို့ လိုအပ်ပါတယ်။ ဒါမှ ရဟန်းသံဃာတော်နှင့် ပြောဆိုတဲ့အခါမှာ နားလည်အောင်ဖြစ်ပါတယ်။

နောက် (ခ)မှာ အသက်(၄၀)အစား(၅၀)(ဃ)(၁)၊(၂)၊(၃)မှာ (၃)နှစ်အစား(၅)နှစ်ကို ထည့်ထားပါတယ်။ ဒါကလည်း ဂုဏဝုတ္တိ၊ ဝရဝုတ္တိရှိအောင် ထည့်ထားခြင်းဖြစ်ပါတယ်။ နောက်အပိုဒ်(၂၃)မှာတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တက္ကသိုလ်၏ ပညာသင်ကြားရေးလုပ်ငန်းများနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ကောင်စီသည် သတ်မှတ်ချက်များနှင့်အညီ အောက်ပါအဖွဲ့များကို သင့်လျော်သော ရဟန်းတော်နှင့် လူပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းနိုင်တယ်ဆိုတာလည်း အပိုဒ် ၁၃ မှာ တင်ပြထားတဲ့အတိုင်း ဖြစ်ပါတယ်။ အပိုဒ် ၂၆ မှာတော့ ကျွန်တော်တို့ ပြီး ကို ကျွန်တော်တို့ နှစ်ခါထပ်နေတဲ့အတွက်ကြောင့် တစ်ကြိမ်ပဲ ပြင်ပါမယ်။ ဒီမှာလည်း အလှူခံရရှိသောနေရာမှာကိုလည်းပဲ အလှူခံရရှိသော ထပ်ထည့်ပါတယ်။ နောက်တစ်ခါ လိုအပ်သလိုက စာသားဖြစ်တဲ့အတွက်ကြောင့် လိုအပ်ချက်နှင့်အညီ နောက်တစ်ခါ အပိုဒ် ၃၅ မှာလည်း လိုအပ်သလို ဖြစ်နေတဲ့အတွက်ကြောင့် မူလပြဋ္ဌာန်းချက်အတိုင်း ဖြစ်ပါတယ်။ ဒီမှာလည်း များ တွေက ထပ်နေတဲ့အတွက်ကြောင့် နောက်ဆုံးမှာ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ရရှိပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၃။**

**ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး အမှူးပြု၍ ကြွရောက်လာကြပါသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော် ယခုဆွေးနွေးမယ့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းမှာ အပြည်ပြည်ဆိုင်ရာ သာသနာပြုတက္ကသိုလ်တစ်ခု၏အဆင့်နှင့် လျော်ညီစွာပါရှိရမည့် ဂုဏ်၊ အင်္ဂါအရည်အချင်းတစ်ရပ် မပါရှိကြောင်း တွေ့ရှိရပါတယ်။ ဒီအချက်ကို ထည့်သွင်းရေးဆွဲဖို့ တာဝန်ရှိတဲ့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပညာရှင်များဟာ တမင်ပဲချန်ရစ်ခဲ့တာလား၊ ဒါမှမဟုတ် ပညာရှိသတိဖြစ်ခဲ့ဆိုသလို မေ့လျော့ ကျန်ရစ်ခဲ့တာလားဆိုတာကို မကွဲပြားပေမယ့် ကျွန်တော်ကတော့ အထူးအလေးအနက်ထားပြီးတော့ ပြင်ဆင်ဖြည့်စွက် တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်း ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၁၄)၊ အခန်း(၆)၊ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်ဆိုတဲ့ ခေါင်းစဉ်မှာ အပိုဒ် ၁၈ တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ် သင်ကြားတို့၏ ဂုဏ်၊ အင်္ဂါအရည်အချင်းသတ်မှတ်ချက်များမှာ မူလအဆိုပြုပြဋ္ဌာန်းချက်မှာတော့ အပိုဒ်ခွဲ(ဂ)၊ အင်္ဂလိပ်ဘာသာကျွမ်းကျင်ရမည်လို့ပဲ ပါရှိပါတယ်။ ကျွန်တော် ပြင်ဆင်ဖြည့်စွက်ရမှာကတော့ အပိုဒ်ခွဲ(ဂ)၊ ပါဠိဘာသာနှင့် အင်္ဂလိပ်ဘာသာ အပြန်အလှန် ကျွမ်းကျင်ရမည်လို့ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လူသားများရဲ့ ကိုးကွယ်ဆည်းကပ်ရာ ဘာသာတရားများသည် နှစ်ပေါင်း ရာနှင့် ထောင်နှင့် ချီပြီးတော့ မိဘ၊ ဘိုးဘွား၊ ဆရာသမား အဆင့်ဆင့် လက်ဆင့်ကမ်း သယ်ဆောင်လာရတာဖြစ်တဲ့အတွက် မူရင်းဘာသာ၏ ကျမ်းစာများသည် နှစ်ပေါင်း ရာထောင်ချီ သက်တမ်းရှိတဲ့ ရှေးဟောင်းဘာသာစကား၊ စာပေများနှင့် ထိန်းသိမ်းလာတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သာသနာပြုပုဂ္ဂိုလ်များသည် ရှေးဟောင်း ကျမ်းလာ၊ ဘာသာ၊ စာပေ များနှင့် ကျွမ်းဝင်ဖို့ လိုအပ်လှတာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သာဓကအားဖြင့် တင်ပြရမယ်ဆိုရင် ကမ္ဘာအနှံ့ ကျယ်ပြန့်တဲ့ ခရစ်ယာန်ဘာသာမှာ သာသနာပြုပုဂ္ဂိုလ်၊ သင်းအုပ်ဆရာ၊ ဆရာတော်များသည် သမ္မာကျမ်းစာရဲ့ မူရင်းဘာသာများဖြစ်တဲ့ ဟီးရူးဘာသာနှင့် ရှေးဟောင်းရောမစာပေဖြစ်တဲ့ လက်တင် ဘာသာတို့ကို ပိုင်နိုင်ကျွမ်းကျင်ရမယ်လို့ လေ့လာမှတ်သားဖူးပါတယ်။ မူရင်းကျမ်းစာကို မူရင်း ဘာသာစကားမှ မြန်မာဘာသာသို့ ပြန်ဆိုခြင်း၊ မူရင်းဘာသာစကားမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း၊ မူရင်းဘာသာစကားမှ တိုင်းရင်းသားဘာသာစကားများသို့ ပြန်ဆိုနိုင်ခြင်းဖြင့် မူရင်းကျမ်းစာများကို မူရင်းအတိုင်း လေ့လာသင်ယူနိုင်ပြီး ကမ္ဘာအနှံ့ ပြန့်ပွားစေနိုင်ကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ထေရဝါဒ ဗုဒ္ဓဘာသာမှာလည်း ပါဠိဘာသာ၊ ပါဠိစာပေဟာဖြင့် မူရင်းကျမ်း၊ မူရင်းဘာသာစကားဖြစ်ကြောင်းကို တစ်ကမ္ဘာလုံးက လက်ရှိ လက်ခံ ထားပြီးဖြစ်ပါတယ်။ မြန်မာစာပေသမိုင်းမှာ ထင်ရှားတဲ့ ရာဇကုမာရ်ကျောက်စာကို မွန်၊ ပျူ၊ မြန်မာ၊ ပါဠိ လေးဘာသာဖြင့် ရေးထိုးထားခြင်း ဖြစ်ပါတယ်။ ဒီ ရာဇကုမာရ်ကျောက်စာမှာ ပါဠိဘာသာ အပါအဝင် (၄)ဘာသာဖြင့် (၁) အလျှုသမိုင်းစဥ်၊ (၂) အလျှုစာရင်း၊ (၃) ကျိန်စာနှင့် (၄) ဆုတောင်းစာတို့ကို ရေးထိုး ထားတာဖြစ်ပါတယ်။ ယနေ့ခေတ်မှာတော့ ကမ္ဘာအရပ်ရပ်မှ ထေရဝါဒဗုဒ္ဓဘာသာကို အလေးထား လေ့လာလိုသူ သုတေသီများ၊ သာသနာပြုပုဂ္ဂိုလ်များဟာဖြင့် ပါဠိဘာသာနှင့် ကမ္ဘာသုံး အင်္ဂလိပ် ဘာသာများကို ကျွမ်းကျင်စွာ သုံးစွဲလာကြတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ အပြည်ပြည်ဆိုင်ရာ သာသနာပြုတက္ကသိုလ်ဆိုတဲ့ ဂုဏ်ရယ်၊ ပါမောက္ခချုပ် ဆိုတဲ့ ဂုဏ်ရယ်၊ ဒုတိယပါမောက္ခချုပ် သင်ကြား ဆိုတဲ့ ဂုဏ်ရယ်နှင့် လျော်ညီစွာ ပါဠိဘာသာနှင့် အင်္ဂလိပ်ဘာသာကို အပြန်အလှန် ကျွမ်းကျင်ရမယ်လို့ ဖြည့်သွင်းထားခြင်း ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ဆက်လက်ပြီးတော့ ဝေဖန်ဆွေးနွေး ရမယ့်အချက်ကတော့ အပိုဒ် ၂၂ မှာပါရှိတဲ့ တက္ကသိုလ်ဒုတိယပါမောက္ခချုပ်(စီမံ)ရဲ့ အရည်အချင်း သတ်မှတ်ချက်များဖြစ်ပါတယ်။ ခုန ဒေါက်တာဝင်းမြင့် ဆွေးနွေးတဲ့အချက်မှာကိုလည်း ကျွန်တော် ထောက်ခံပါတယ်။ စီမံ နှင့်ပတ်သက်လို့ ပြောထားတဲ့ သတ်မှတ်ချက်က အင်မတန်နည်းနေပါတယ်။ နောက်ဆုံးပြောရမယ်ဆိုရင် ဘယ်လိုဝေဖန်ရမလဲဆိုရင် အစိုးရအဖွဲ့ကို ဝေဖန်ရမယ်ဆိုရင် ကိုယ်လိုချင်တဲ့ လူကို ထည့်သွင်းဖို့အတွက် အရည်အချင်းတွေ လျှော့လျှော့ပေါ့ပေါ့ထည့်ထားတယ်လို့ မြင်ရပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း အုပ်ချုပ်ရေး အဖွဲ့ကို ဥပဒေနှင့်သာလျှင် ထိန်းကျောင်းရမှာ ကျွန်တော်တို့ရဲ့ တာဝန်ဖြစ်ပါတယ်။

ဒီလို ကိုယ်လိုရာကိုယ်ဆွဲတဲ့ ဂုဏ်သတ္တိနည်းနည်းလေးနဲ့ စီမံခန့်ခွဲတဲ့ ဒုတိယပါမောက္ခချုပ်အဆင့်ကို ထားမယ်ဆိုရင်တော့ ကျွန်တော်တို့ရဲ့ ဒီတက္ကသိုလ်ရဲ့ဂုဏ်ဟာ ကျဆင်းနိုင်ပါတယ်။ ဒီ ဒုတိယပါမောက္ခချုပ်ရဲ့ အရည်အချင်းများဟာ ဘယ်လောက်တောင်နည်းသလဲဆိုရင် နိုင်ငံသားဖြစ်မှုတောင် မပါရှိပါဘူး။ ထိုနည်းတူစွာပဲ သူ့ရဲ့ပညာအရည်အချင်းနှင့် ပတ်သက်ပြီးတော့ လုံးဝမပါရှိပါဘူး။ နဂိုတုန်းက ပါမောက္ခချုပ်ကြီးရဲ့ ဂုဏ်တွေမှာဆိုရင် ဥပမာအားဖြင့် ဂုဏ်အင်္ဂါ အရည်အချင်းရှေ့က ထည့်ထားပါတယ်။ ဥပမာဖြင့် ရုပ်အဆင်းအင်္ဂါနှင့်ပြည့်စုံခြင်း၊ ဥပတိသံပတ္တိ ပြီးပြည့်ခြင်း၊ တည်ငြိမ်ရင့်ကျက်ခြင်း စတဲ့ဂုဏ် နောက်ဆုံးဂုဏ်ဆိုလို့ရှိရင် မိမိမှားမှန်းသိလျှင် အလျှော့ပေးခြင်း၊ သောဝနဆဋ္ဌမဂုဏ် ဆိုတာတွေကို ထည့်သွင်းထားသော်လည်းပဲ အဲဒီ ဂုဏ်နှင့်ပြည့်စုံအပ်တဲ့ အုပ်ချုပ်သူတာဝန်ရှိသူ၊ စီမံခန့်ခွဲသူ၊ ဒုတိယပါမောက္ခချုပ်မှာ ထည့်မထားခြင်းသည် သံသယဖြစ်ဖွယ်ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များသည် အခုလိုအားနည်းနေတဲ့ ဥပဒေများကို ပြတ်ပြတ်သားသားပြင်ဆင်ရမယ့် တာဝန်ရှိတဲ့ ဒီအချက်ကို တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၉။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**　　။　　။အားလုံး မင်္ဂလာပါ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်က မကွေးတိုင်းဒေသကြီး၊ မင်းဘူး၊ စကုမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့ပါဝင်တဲ့ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ပါ။ ဒီကနေ့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဒီဥပဒေက အသစ်ပြဋ္ဌာန်းတာလားဆိုရင် အသစ်ပြဋ္ဌာန်းတာမဟုတ်ပါဘူး။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၀/၉၈ မှာ ဒီဥပဒေကြမ်းအမည်ဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာပြုတက္ကသိုလ် ဥပဒေအမည်နဲ့ ၁၇-၉-၁၉၉၈ ခုနှစ်က ပြဋ္ဌာန်းထားတာ ဖြစ်နေပါတယ်။ ပြင်ဆင်တာလားဆိုရင် ပြင်ဆင်တာလည်း မဟုတ်ပါဘူး။ အခုဥပဒေနဲ့ အရင်ဥပဒေကို ရုပ်သိမ်းထားတာဖြစ်နေပါတယ်။ ဒါကြောင့် ထူးခြားတဲ့ဥပဒေကြမ်းတစ်ရပ်လို့ ဆိုချင်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းရဲ့ အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)ကို ထေရဝါဒဆိုသည်မှာ ဆဋ္ဌသင်္ဂါယနာ အထိ မူရင်းမပျက် ထိန်းသိမ်းစောင့်ရှောက်ထားသော ဘုရားစကား၊ ပါဠိတော်အယူဝါဒစကား အစဉ်အတိုင်း ကျင့်ကြံနေထိုင်သောအယူဝါဒကို ဆိုသည်လို့ ရှင်းလင်းလွယ်ကူ မှန်ကန်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့ ပြင်ဆင်လိုပါတယ်။ အပိုဒ်ခွဲ(ဂ) ဩဝါဒစရိယအဖွဲ့ ဆိုသည်မှာ ဤတက္ကသိုလ်၏ လို့ ရေးသားထားတဲ့နေရာမှာ တက္ကသိုလ်၏ ဆိုပြီး ဤ ကို ဖြုတ်လိုပါတယ်။

ဥပဒေကြမ်းရဲ့ အခန်း(၂)၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် တည်ထောင်ခြင်း ဆိုတဲ့နေရာမှာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဆက်လက်ထားရှိခြင်းလို့ ပြင်ဆင်လိုပြီးတော့၊ အပိုဒ် ၃ ကိုလည်း အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၀/၉၈ ဖြင့် တည်ထောင် ခဲ့သည့်တက္ကသိုလ်ကို ဆက်လက်ထားရှိရမယ်လို့ ပြင်ဆင်လိုပါတယ်။ အခုမှ စတင်တည်ထောင်မယ့် တက္ကသိုလ်မဟုတ်ဘဲ တူညီတဲ့ဥပဒေအနေနဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း(၂၀)ခန့်က တည်ထောင်ထားတဲ့ တက္ကသိုလ်ကို ဆက်လက်ထားရှိခြင်းသာဖြစ်လို့ ဖြစ်ပါတယ်။

ဥပဒေကြမ်းရဲ့ အခန်း(၃)၊ ရည်မှန်းချက်များ၊ အပိုဒ် ၈၊ အပိုဒ် ၈ (ဆ)ကို ထေရဝါဒ ဗုဒ္ဓ သာသနာပြန့်ပွားရေးအတွက် တက္ကသိုလ်၏ရည်မှန်းချက်ကို အထောက်အကူပြုစေမည့် ပြည်တွင်း၊ ပြည်ပရှိ ဗုဒ္ဓဘာသာဆိုင်ရာတက္ကသိုလ်များနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်စေရန်လို့ ပြင်ဆင် လိုပါတယ်။ ဥပဒေရဲ့ ရည်ရွယ်ချက်မှာလည်း စစ်မှန်သော ထေရဝါဒ ဗုဒ္ဓသာသနာတော် ကမ္ဘာတစ်ဝန်းလုံး တွင် ပြန့်ပွားစေရန်လို့ ပါရှိထားတာဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ အခန်း (၄)၊ အပိုဒ် ၁၀ ဩဝါဒစရိယ အဖွဲ့၏ လုပ်ငန်းတာဝန်များမှ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဃ)တို့ကို မူလအတိုင်းထားရှိပြီး အပိုဒ်ခွဲ(ခ) နဲ့ အပိုဒ်ခွဲ(ဂ)တို့ကို ပယ်ဖျက်လိုပါတယ်။ အပိုဒ်ခွဲ(ဃ)ကို အပိုဒ်ခွဲ(ခ)အဖြစ် အမှတ်စဉ်ရန် ဖြစ်ပါတယ်။ တက္ကသိုလ်ပါမောက္ခချုပ်နဲ့ ဒုတိယပါမောက္ခချုပ် (သင်ကြား)တို့ဟာ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၈ ပါ အပိုဒ်ခွဲပေါင်း(၈)ခု၊ အပိုဒ်ခွဲငယ်ပေါင်း(၁၂)ခုတို့ ပါဝင်တဲ့ ဂုဏ်အင်္ဂါ၊ အရည်အချင်းစုံနှင့် ပြည့်စုံပြီး ဖြစ်လို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အများဆုံးပါဝင်တဲ့ ဩဝါဒစရိယအဖွဲ့အနေနဲ့ ပညာ သင်ကြားပို့ချမယ့်ပုဂ္ဂိုလ်များကို ဩဝါဒချီးမြှင့်နေရမယ့်လုပ်ငန်းတာဝန် မပြဋ္ဌာန်းသင့်တော့လို့ ဖြစ်ပါတယ်။ အလားတူ ဩဝါဒစရိယအဖွဲ့အနေနဲ့ အပိုဒ် ၁၀ (က)ပါ တက္ကသိုလ်ပညာရေးကို ထေရဝါဒပိဋကတ်တော် နှင့်အညီဖြစ်စေရန် ကြပ်မတ်၍ ဩဝါဒချီးမြှင့်ခြင်း ဆိုတဲ့တာဝန်နဲ့ လုံလောက်ပြည့်စုံနေပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၆ မှာ အပိုဒ်ခွဲပေါင်း(၂၂)ခုနဲ့ သတ်မှတ်ဆောင်ရွက်ရမယ့် တက္ကသိုလ်ကောင်စီကို ဩဝါဒချီးမြှင့်နေရမယ့် လုပ်ငန်းတာဝန်ကိုလည်း မပြဋ္ဌာန်းသင့်တော့လို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ အခန်း(၅)၊ အပိုဒ် ၁၆ ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အထက်က အပိုဒ် ၁၀ မှာ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်သင့်တာဖြစ်သလို အခုအပိုဒ်ခွဲ(က) ဩဝါဒစရိယအဖွဲ့ထံမှ ဩဝါဒခံယူခြင်း ဆိုတဲ့အချက် ကိုလည်း ပယ်ဖျက်သင့်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းရဲ့ အခန်း(၆)၊ အပိုဒ် ၁၈ တက္ကသိုလ်ပါမောက္ခချုပ်နဲ့ ဒုတိယပါမောက္ခချုပ် (သင်ကြား)တို့ရဲ့ အင်္ဂါ၊ အရည်အချင်းသတ်မှတ်ချက်များနဲ့ အပိုဒ် ၂၂၊ တက္ကသိုလ်ဒုတိယပါမောက္ခချုပ် (စီမံ)၏ အရည်အချင်းသတ်မှတ်ချက်များ ပြဋ္ဌာန်းထားတဲ့နေရာမှာ များစွာကွာခြားလွန်းနေတာကိုလည်း ပြန်လည်ဆန်းစစ်ပြီးတော့ ပြင်ဆင်ပြဋ္ဌာန်းသင့်ပါတယ်။ ဒုတိယပါမောက္ခချုပ်ချင်း အတူတူဖြစ်နေပါလျက် သင်ကြား နဲ့ စီမံ အပြန်အလှန် ဟန်ချက်မညီမမျှ ဖြစ်လာနိုင်တဲ့အတွက်ပဲ ဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ဥပဒေကြမ်းရဲ့ အခန်း(၁၁)၊ အထွေထွေ၊ အပိုဒ် ၃၆ မှာ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ဆိုသည့် စကားရပ်ကိုဖြုတ်ပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၀/၉၈ အရ ထုတ်ပြန်ထားသော စည်းမျဉ်း၊

စည်းကမ်း၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်လို့ ထားရှိသင့်ပါတယ်။ ဥပဒေကြမ်းရဲ့ အပိုဒ် ၃၈၊ နောက်ဆုံးအပိုဒ်မှာမှ အမည်တူတဲ့ ဒီဥပဒေနဲ့ အမည်တူတဲ့ ၁၉၉၈ ခုနှစ်၊ ဥပဒေကို ရုပ်သိမ်းလိုက်တာ ဖြစ်လို့ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၄။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။**　　။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီနေ့ လွှတ်တော်မှာဆွေးနွေးသွားမှာကတော့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနဲ့ပတ်သက်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်ရှေ့က ကိုယ်စားလှယ်ကြီးများလည်း ထဲထဲဝင်ဝင် ဆွေးနွေးသွားပြီဖြစ်လို့ ကျွန်တော့်အနေနဲ့ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဇယားပါ အခန်း(၅)၊ အပိုဒ် ၁၄ မှာ ပါရှိတဲ့ မူလအဆိုပြု ပြဋ္ဌာန်းချက်ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်သည် ကောင်စီက သတ်မှတ်သည့်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပြည်သူ့လွှတ်တော်ကတော့ မူလ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုထားတာကို တွေ့ရှိရပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်မှာတော့ ရဟန်းတော်များနှင့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီသည် ကောင်စီကသတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်ဟု မူလအဆိုပြု ပြဋ္ဌာန်းချက်ရဲ့ ရှေ့ဆုံးမှာ ရဟန်းတော်များဟု ထည့်သွင်းပြင်ဆင်ထားတာကို တွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ရဟန်းတော်များဟု သုံးနှုန်းပြင်ဆင်ထားတဲ့အပေါ်မှာ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရဟန်းတော်ဆိုသည်မှာ တစ်ပါး သို့တည်းမဟုတ် အနည်းကိုသာ ကိုယ်စားပြု ရည်ညွှန်းအသုံးပြုပြီး အစုအဖွဲ့၊ အဖွဲ့အစည်းကို ကိုယ်စားပြုသုံးနှုန်းတာကို မတွေ့ရှိရတဲ့ အတွက် ရဟန်းတော် ဆိုတဲ့နေရာမှာ သံဃာတော် ဆိုသည်ကသာ အစုအဖွဲ့၊ အများကို ကိုယ်စားပြု ရည်ညွှန်းအသုံးပြုတဲ့အတွက်လည်းကောင်း၊ ယခုဖွဲ့စည်းတဲ့ကောင်စီမှာပါဝင်တဲ့ နာယကများဖြစ်ကြတဲ့ ပါမောက္ခချုပ်ဆရာတော်၊ ဒုတိယပါမောက္ခချုပ်ဆရာတော်(သင်ကြား)၊ အတွင်းရေးမှူးဖြစ်တဲ့ ဒုတိယ ပါမောက္ခချုပ်ဆရာတော်(စီမံ)နဲ့ အဖွဲ့ဝင်များဖြစ်ကြတဲ့ မဟာဌာနမှူးဆရာတော်များ ပါဝင်ဖွဲ့စည်းထား တဲ့အတွက် ဒီအဖွဲ့အစည်းဟာ အဖွဲ့အစည်းတစ်ရပ်၊ အစုအဖွဲ့ဖြစ်သွားသည့်အတွက် ရဟန်းတော်များဟု သုံးနှုန်းထားသည်ထက် သံဃာတော်များဟု သုံးနှုန်းသည်က ပိုမိုသင့်လျော်သည်ဟု ယူဆမိတဲ့အတွက် ကြောင့်လည်းကောင်း၊ ကျွန်တော်တို့နိုင်ငံတော်အတွင်းက သာသနာတော်နဲ့ပတ်သက်တဲ့ အဖွဲ့အစည်း

များမှာလည်း ဗဟိုသံဃာ့နာယကအဖွဲ့၊ ဗဟိုသံဃာ့ဝန်ဆောင်၊ တိုင်း၊ ခရိုင်၊ မြို့နယ် သံဃာ့နာယက အဖွဲ့၊ တိုင်း၊ ခရိုင်၊ မြို့နယ်သံဃာ့ဝန်ဆောင်များအဖွဲ့၊ သံဃာအကျိုးတော်ဆောင်များဟုသာ ခေါ်ဝေါ် အသုံးပြုကြသည့်အတွက် ယခု ရဟန်းတော်များဟု သုံးနှုန်းထားတဲ့နေရာမှာ အဖွဲ့အစည်းအသွင် ဆောင်တဲ့အတွက်၊ ကိုယ်စားပြုတဲ့အတွက် သံဃာတော်များဟု သုံးနှုန်း ပြင်ဆင်လိုပါကြောင်း လေးစား စွာဖြင့် တင်ပြဆွေးနွေးအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်မံဖြည့်စွက်ပြင်ဆင်လိုတာကတော့ အခန်း(၅)၊ အပိုဒ် ၁၄ မှာပဲ ပါရှိတဲ့ ရဟန်းတော်များနှင့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်သည် ကောင်စီကသတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည် ဆိုတဲ့နေရာမှာ ချီးမြှင့်ငွေနဲ့ ခံစားခွင့်ရှိသည်ဆိုတဲ့ အသုံးအနှုန်းများဟာ သံဃာတော် များနှင့် လူပုဂ္ဂိုလ်များအတွက်ပါ ရောထွေးသုံးနှုန်းထားတဲ့အတွက် သံဃာ့ဝိနည်းတော်အရလည်းကောင်း၊ ချီးမြှင့်ငွေနှင့် ခံစားခွင့်ဆိုသည့်အသုံးအနှုန်းများမှာ သံဃာတော်များနှင့် သင့်မြတ်လျော်ကန်မှု မရှိ သည့်အတွက် သံဃာတော်များအတွက် ပိုမိုသင့်လျော်သောစကားရပ်ဖြစ်တဲ့ ကောင်စီဝင် သံဃာတော်များ အား ကောင်စီကသတ်မှတ်သည့် ဝတ္ထုငွေကို လှူဒါန်းဆက်ကပ်ခွင့်ရှိသည်ဟု ထပ်မံ ဖြည့်စွက် ပြင်ဆင် လိုပါကြောင်း လေးစားစွာဖြင့် ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် စတုတ္ထနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၈**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နား ပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက်(ကြာသပတေးနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၁း၀၈ နာရီအချိန်တွင် ရပ်နားပါသည်။]